# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း (၂)ရက် ၊ အင်္ဂါနေ့ ၊ (17-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ ကျင်းပ

စာမျက်နှာ - ၂၀





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ)ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအနီးရှိ အဆိုပါတံတားနေရာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ရုံးမှ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၁၉ ကော်လံ ၁




ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်
အယ်ဒီတာ့အာဘော်

## ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အခိုင်အမာထူထောင်

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် ရေမြေတောတောင်ချင်း ထိစပ်နေသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံပြည်သူများကြားတွင်လည်း အေဒီ ၉၀၀ ကျော် ပျူခေတ်ကတည်းက ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်ဆံခဲ့ကြခြင်းကြောင့် ရင်းနှီးမှုသည် ယခုအခါ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အခိုင်အမာထူထောင်နိုင်ခဲ့သည်။ ထိုသို့ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအားဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံအစိုးရက တရုတ်ရိုးရာ လပြက္ခဒိန်နှစ်သစ်ကူးနေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့ကိုလည်း တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးခဲ့သည်။

တရုတ်နိုင်ငံ၏ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းက ရှိခဲ့သည့် ယဉ်ကျေးမှုသမိုင်းတွင် တရုတ်ရိုးရာ ရာသီခွင် ၁၂ ပါး ရှိပြီး ယခုနှစ်သည် မြင်းနှစ်ဖြစ်သည်။ မြင်းနှစ်၏ အဓိပ္ပာယ်သည် လုပ်ငန်းဆောင်တာများကို အရှိန်အဟုန်နှင့် စွမ်းအားအပြည့်ဆောင်ရွက်နိုင်ခြင်း၊ စိန်ခေါ်မှုများကို ဉာဏ်ပညာ၊ ကျွမ်းကျင်မှုများနှင့် အောင်မြင်စွာကျော်ဖြတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိပိုင်ဆိုင်ခြင်းဆိုသည့် ကောင်းမွန်သော အဓိပ္ပာယ်များရှိသည်။ ထို့ကြောင့် ယခုနှစ်သစ်တွင် တရုတ်နိုင်ငံအနေဖြင့်သာမက မြန်မာနှင့် တရုတ်နှစ်နိုင်ငံလုံး၏ပြည်သူလူထု အကျိုးစီးပွားအတွက် ယခုထက် ပိုမိုပြီး တိုးတက်မှု၊ အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါသည်။

ဆွေမျိုးပေါက်ဖော် ညီအစ်ကိုရင်းချာ စိတ်ဓာတ်ကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေးကို ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၁၁ ခုနှစ်တွင် "ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး" အဆင့်ထိ တိုးမြှင့်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်းတွင် မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးအတွက် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့သည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့်အညီ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုကိုအခြေခံပြီး ကဏ္ဍစုံတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ယနေ့ထက်တိုင် လက်ကိုင်ကျင့်သုံးနေသကဲ့သို့ စစ်မှန်သောမိတ်ဖက်ဆက်ဆံရေး အပြန်အလှန်ယုံကြည်မှုနှင့် ရိုးရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ ယခုနှစ်တွင်ကျရောက်သော မြင်းနှစ်၏ ရဲရင့်အားမာန်ကိုအသုံးချကာ တရုတ်- မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်၍ နှစ်နိုင်ငံပြည်သူလူထုအကြား စိတ်ချင်းနီးစပ်မှုကို ပိုမိုတိုးပွားစေကာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို နှစ်သစ်တွင် ရောင်ခြည်အသစ်ဖြင့် ယခုထက်ပို၍ထွန်းလင်းတောက်ပလာမည်ဟု အပြည့်အဝ ယုံကြည်ရေးသားလိုက်ရပေသည်။

## ပြင်ဦးလွင်မြို့ရှိ သုမင်္ဂလာ(ညံ့တော)ခေတ်မီဈေးသစ်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး



**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော)ခေတ်မီဈေးသစ်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးသို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီး အပေါ်ထပ်ရှိ မင်္ဂလာခန်းမတွင် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းများကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း ပြောကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအုပ်စု မန္တလေး-ပြင်ဦးလွင် လမ်းအဆင်း မိုင်တိုင် ၂၃/၃ မှ ဗဟိုမီးသတ်သင်တန်းကျောင်းထိ အရှည်သုံးမိုင်ရှိသော လမ်းပေါ်တွင် မြေသားလမ်းအကျယ်ပေ ၁၀၀၊ ထပ်ပိုးကတ္တရာအကျယ် ၂၄ ပေ ခင်းရန်အတွက် လမ်းအူကြောင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မင်းလှမြို့နယ် ညောင်ပင်သာ(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာ(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်နှင့် ဝန်ထမ်းများက ညောင်ပင်သာ(အနောက်) ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်သာ(အနောက်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၁၉ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၄ ဒသမ ၈၅ သန်း၊ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

## ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ဧက ၃၅၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ခင်ဦး ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းဧက ၃၅၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၁၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၃၅၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၁၄၁၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၅၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး ဖေဖော်ဝါရီ ၁၆**

တိုင်းရင်းဆေးသိပ္ပံ၏ တိုးတက်ကောင်းမွန်လာခဲ့သည့် အောင်မြင်မှုများကို အားပေးဂုဏ်ပြုရန်နှင့် အသိအမှတ်ပြုရန်၊ တိုင်းရင်းဆေးသိပ္ပံမှတဆင့် တိုင်းရင်းဆေးတက္ကသိုလ်အဖြစ် တိုင်းရင်းဆေးပညာကို မျိုးဆက်သစ်များသို့ ထိန်းသိမ်းမြှင့်တင် လက်ဆင့်ကမ်းပေးရန်ရည်ရွယ်၍ တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးသိပ္ပံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ တိုင်းရင်းဆေးသိပ္ပံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်ဆရာကြီးများ၊ တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီးနှင့် ကုတင် ၁၀၀ ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အရည်အချင်းပြည့်ဝသည့် တိုင်းရင်းဆေးဆရာများ မွေးထုတ်ပေးရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန်၊ ရှေးဟောင်းတိုင်းရင်းဆေးပညာအမွေအနှစ်များကို စနစ်တကျ ပြန်လည်ဖော်ထုတ်ပြီး တိုင်းရင်းဆေးပညာ အဆင့်အတန်းကို ခေတ်နှင့်အညီတိုးတက်မြင့်မားရေးအတွက် လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းဆေးသိပ္ပံကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ပြည်သူလူထု၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းဆေးပညာနှင့် ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းရင်းဆေးရုံ၊ စာကြည့်တိုက်၊ ဆေးပစ္စည်းပြတိုက်၊ သရုပ်ပြ ပရဆေးဥယျာဉ်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး စက်ရုံတို့ကိုလည်း အတူတွဲဘက် ဖွင့်လှစ်ခဲ့သည့်အတွက် ရောဂါရှာဖွေရေး၊ ကုသရေး၊ သင်ကြားရေးနှင့် ဆေးဝါးဖော်စပ်ရေး အတတ်ပညာတို့ကို ကျွမ်းကျင်စွာ တတ်မြောက်သည့် တိုင်းရင်းဆေးဆရာ၊ တိုင်းရင်းဆေးသမားတော်များ မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးရုံ(မန္တလေး) တွင်လည်း အထွေထွေရောဂါ ကုသရေးဌာန အပြင် အထူးပြုဘာသာရပ်ဆိုင်ရာ ကုသရေးဌာနများပါ ဖွင့်လှစ်ကုသပေးနေသည်ကိုလည်း သိရှိရပါကြောင်း၊ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးနေပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တိုင်းရင်းဆေးသိပ္ပံ၊ ကုတင် ၁၀၀ ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကျောင်းအုပ်ကြီးနှင့် ဆေးရုံအုပ်ကြီးများက ဂုဏ်ပြု အမှတ်တရစကားများ၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်က ရွှေရတုသဘင် ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကျေးဇူးတင် စကားများကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀) ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် ပစ္စည်းများပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်က လည်းကောင်း ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းဆေးသိပ္ပံ ကုတင် ၁၀၀ ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံတို့တွင် ကျောင်းအုပ်ကြီးများနှင့် ဆေးရုံအုပ်ကြီးများထံ တာဝန် ထမ်းဆောင်ခဲ့ကြသည့် ကျောင်းအုပ်ကြီးနှင့် ဆေးရုံအုပ်ကြီးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ လုပ်ငန်းရှင်များထံသို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက နှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ်ကိတ်ကို ပျော်ရွှင်စွာ စုပေါင်းလှီးခဲ့ကြသည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံနှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရေများပက်ဖျန်း၍ ဖွင့်လှစ်ခြင်း၊ တိုင်းရင်းဆေးသိပ္ပံ သမိုင်းနှင့် တိုင်းရင်းဆေးရုံ သမိုင်းတို့နှင့် ပတ်သက်သော မှတ်တမ်းပြခန်းများ၊ မြန်မာ့ရိုးရာ မုန့်ပဲသရေစာများနှင့် စတုဒိသာကျွေးမွေးညှော်ခံခြင်းစသည့် အမှတ်တရနှင့် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များကို ထည့်သွင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲကြီး ၁၄၀၅ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲကြီး ၁၄၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၆၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၄၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ၅၉ တင်းထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီး ၁၄၆၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကြီးစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့မှာတော့ ၁၄၀၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ပဲကြီးကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည် ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပလာတူးငါးပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပလာတူးငါးပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပလာတူးငါး ပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ပလာတူးငါး ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပလာတူးငါးများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း၊ အဆိုပါဒေသတွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့လထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာဖြစ်ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကထွက်တဲ့ ပလာတူးငါးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ အခုလို ပလာတူးငါးတွေ အရောင်းအဝယ်တွေကောင်းလာတော့ ရေလုပ်သားတွေ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ် အငှားလိုက်သူတွေ၊ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး ၁၀ ပိသာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မောင်းထောင်ဦးကျော်လှ၏ သံချိုလေးချိုး

ပြေအေးသက်

**သံချိုလေးချိုး**

သံချိုလေးချိုးသည် ပုပ္ပားဦးကျော်ရင်ရေးသည့် ကဝိဘာရတီကျမ်း၏ ကဗျာ ဖ၇ မျိုးတွင် ပါရှိခြင်းမရှိဘဲ ပုဂံဝန်ထောက်ဦးတင်ရေးသည့် ကဗျာဗန္ဓသာရကျမ်း၏ ကဗျာ ၂၂ မျိုးတွင်မူပါရှိကြောင်း တွေ့ရှိရသည်။ သံချိုလေးချိုးကဗျာသည် အသံချိုချိုသာသာ ရွတ်ရသော လေးချိုးကဗျာမျိုးဖြစ်သည်။ ရုပ်သေးပွဲများတွင် လက်စွဲတော်ရုပ်ခေါ် စာဆိုရုပ်ကိုကိုင်ရသော စာဆိုကိုင်သံချိုကိုင်က အလှူအကြောင်း၊ အလှူရှင်အကြောင်းတို့ကို ရုပ်သေးစင်လက်တန်းကိုကိုင်လျက် ဇဝနဉာဏ်ဖြင့် ချက်ချင်းဖွဲ့ဆိုလေ့ရှိသော ကဗျာမျိုးဖြစ်သည်။ သို့ဆိုလျှင် သံချိုလေးချိုးကဗျာသည် အသံတွင် အသံချိုချို၊ ကဗျာတွင် အချိုးလေးချိုးရှိသော လေးချိုးကဗျာတို့ကိုပေါင်းစပ်၍ တစ်နည်းဆိုသော် အသံနှင့်ကဗျာကိုပေါင်းစပ်ပြီး "သံချိုလေးချိုး"ဟုခေါ်ဝေါ်ခဲ့ပုံက နှစ်သက်ဖွယ်ရာ အမည်ပေးကင်ပွန်းတပ်ခဲ့မှုဟုဆိုရပေမည်။ ဤကဗျာအမျိုးအစားသည် ကုန်းဘောင်ခေတ်နောက်ပိုင်း၌သာ ပေါ်ထွန်းခဲ့ပြီး မောင်းထောင်ဦးကျော်လှသည် သံချိုလေးချိုးရေးဖွဲ့သီဆိုရာတွင် နာမည်ကြီးလှသည်။

**မောင်းထောင်ဦးကျော်လှ**

သံချိုရေးသူ ဆရာကြီး ဦးကျော်လှကို မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင်ရွာတွင် သက္ကရာဇ် ၁၂၀၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင် အဖ မောင်းထောင်ရွာခုံမင်းကြီး ဦးတောင်ရိပ်၊ အမိဒေါ်မင်းအိတို့ကဖွားမြင်၍ အရွယ်ရောက်သော် ရွာကျောင်းဘုန်းတော်ကြီးထံတွင် ပညာသင်ပြီး ၁၄ နှစ်အရွယ်တွင် သာမဏေပြုကာ လေးနှစ်တိုင်တိုင် စာပေကျမ်းဂန်တို့ကို ဆည်းပူးသင်ကြားလေသည်။ နောင်ကျောင်းမှထွက်၍ စာဆိုတော်ပညာရှိ ဦးမြတ်ဝင်းထံမှ ကဗျာလင်္ကာများကို နှစ်နှစ်တိုင် သင်ကြားပြီး အသက် ၂၀ သို့ရောက်သောအခါ သဘင်ပညာ၌ သံချိုကိုင်၍ အလုံးစုံသော ကဗျာလင်္ကာတို့ကို တစ်ခဏချင်း ဖွဲ့ဆိုသီကုန်းရေးသားနိုင်ရုံသာမက နဘေကာရန်မလွတ် နားဝင်ချိုအောင် ရွတ်ဆိုဟောပြနိုင်သော စွမ်းရည်ရှိသဖြင့် သံချိုဦးကျော်လှ ဟူ၍ ထင်ရှားလာသည်။ လောကီ၊ လောကုတ္တရာ ခဲရာခဲဆစ်များကိုလည်း သားချင်းတော်စပ်သည့် ဝိမလလင်္ကာရ တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ကြီးထံ လျှောက်ထားမေးမြန်း စုံစမ်းဆွေးနွေးလေ့ရှိသည်။

**မောင်းထောင်ရွာ**

မောင်းထောင်ရွာသည် အင်းဝ၊ ကုန်းဘောင်ခေတ်များတွင် ရဟန်းရှင်လူပညာရှိများ အများအပြား ပေါ်ထွန်းရာမြေဖြစ်ခဲ့ပေသည်။ တွင်းသင်းမင်းကြီး ဦးထွန်းညိုသည်လည်း မောင်းထောင်ရွာသားပင်ဖြစ်သည်။ ဘလ္လာတိယပျို့ရေးသား၍ ဆက်သခဲ့သောကြောင့် ဘိုးတော်ဘုရားက ချီးမြှင့်သည့် ငွေကြေးဖြင့် မောင်းထောင်ရွာလယ်တွင် ဘလ္လာတိယကန်တော်ကို တူးဖော်ခဲ့ပေသည်။ မင်းကြီး၏တူတော်သူ ကဝိလက္ခဏာသတ်ပုံကျမ်းပြုစုသူ စိန္တကျော်သူ ဦးသြမှာလည်း မောင်းထောင်သားပင်ဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက်မှာပင် သာသနာပိုင်ပထမ မောင်းထောင်ဆရာတော် ရှင်ဉာဏာဘိဝံသသည် မောင်းထောင်သားပင်ဖြစ်သည်။ ထို့အတူ မင်းတုန်းမင်းလက်ထက် တတိယမြောက် မောင်းထောင်ဆရာတော် ရှင်ပညာသာမိသည်လည်း မောင်းထောင်သားပင်ဖြစ်ပေသည်။ ထို့ပြင် မောင်းထောင်သားအခြားစာဆိုများဖြစ်သော ဦးဆုသာ၊ ဦးခွေး၊ ရှင်ပညာ၊ ဦးရွှေအေးတို့ရှိပေသေးသည်။ အင်္ဂလိပ်နယ်ချဲ့ကိုတော်လှန်ခဲ့သူ မောင်းထောင်သား ဗိုလ်ဝက်နှင့် ရွာအုပ်မင်း ဦးဟန်တို့လည်းရှိပေသည်။

**ရုပ်သေးပွဲနှင့် သံချိုလေးချိုး**

သံချိုဆိုသည့်အတိုင်း အသံချိုစွာ ပေါ့ပေါ့ရွှတ်ဆိုရသော လေးချိုးတစ်မျိုးပင်ဖြစ်ပေရာ ရေးဖွဲ့ပုံမှာ လေးချိုးရေးနည်းအတိုင်းပင်ဖြစ်သော်လည်း သီဆိုပုံမှာ ကွဲပြားခြားနားပေသည်။ သံချို၏သဘောကို ရှင်းရှင်းလင်းလင်း နားလည်လိုလျှင် သီဆိုပုံကို နားထောင်၍ ကာရန်အနေအထားကို လေ့လာရပေမည်။ သံချိုသည် ရှေးအခါက ရုပ်သေးပွဲများတွင် ထည့်သွင်းသီဆိုရာမှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ရှေးခေတ်ရုပ်သေးပွဲများတွင် စာဆိုတော်ပညာရှိများ လိုက်ပါအမှုထမ်းလေ့ရှိသည်။ ထိုစာဆိုတော်များသည် စာဆိုရုပ်ခေါ် လက်စွဲတော်အရုပ်ကိုကိုင်၍ မြိုင်စခန်းမစမီ သံချိုကိုရွတ်လေ့ရှိကြသည်။

နောင်သောအခါ ရှင်ပြုရဟန်းအလှူပွဲများ၌ ရုပ်သေးကပြရာတွင် သံချိုလေးချိုးများ ပါဝင်ကျယ်ပြန့်လာခဲ့ခြင်းဖြစ်သည်။ သံချိုလေသည် လေးချိုးလေလောက် ဟိတ်ဟန်မကြီးဘဲ တရင်းတနှီးပြောနေသောလေဖြစ်သည်။ သံချိုကိုင်ဆရာသည် ရုပ်သေးပွဲ၏ အချိန်ကာလအတိုင်းအဆအရ အသံချိုချိုနှင့် ဟောပြောသီဆိုမှ အမောလုံနိုင်ခြင်းကြောင့် အသံကို ချွေတာရသည့်သဘောလည်း သက်ဝင်ပေသည်။

**❖ သံချိုဆိုသည့်အတိုင်း အသံချိုစွာ ပေါ့ပေါ့ရွတ်ဆိုရသော လေးချိုးတစ်မျိုးပင်ဖြစ်ပေရာ ရေးဖွဲ့ပုံမှာ လေးချိုးရေးနည်းအတိုင်းပင်ဖြစ်သော်လည်း သီဆိုပုံမှာ ကွဲပြားခြားနားပေသည်။ သံချို၏သဘောကို ရှင်းရှင်းလင်းလင်း နားလည်လိုလျှင် သီဆိုပုံကိုနားထောင်၍ ကာရန်အနေအထားကို လေ့လာရပေမည်။ သံချိုသည် ရှေးအခါက ရုပ်သေးပွဲများတွင် ထည့်သွင်းသီဆိုရာမှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ရှေးခေတ်ရုပ်သေးပွဲများတွင် စာဆိုတော်ပညာရှိများ လိုက်ပါအမှုထမ်းလေ့ရှိသည်။ ထိုစာဆိုတော်များသည် စာဆိုရုပ်ခေါ် လက်စွဲတော်အရုပ်ကိုကိုင်၍ မြိုင်စခန်းမစမီ သံချိုကိုရွတ်လေ့ရှိကြသည်။ ❖**

**သံချိုလေးချိုးရေးဖွဲ့နည်း**

အချိုးလေးချိုးချိုးပြီး ကာရန်ယူပုံစနစ်မှာ လေးချိုးကာရန်ယူပုံအတိုင်းပင်ဖြစ်သည်။ လေးချိုးကဗျာရေးသားရာ၌ အခံပိုဒ်နှစ်ခု၊ အအုပ်ပိုဒ်နှစ်ခု ရှိရမြဲဖြစ်သည်။ သို့ဖြစ်၍ အခံပိုဒ်နှစ်ခုစလုံးကို လဟုသံဖြင့်ချီ၍ ဂရုသံဖြင့် ချရမြဲဖြစ်သည်။ အအုပ်ပိုဒ်နှစ်ခုတို့တွင် ပထမချိုးဖြစ်သော အအုပ်ပိုဒ်ကို ပထမအခံပိုဒ်ကဲ့သို့ ချီ၍ အခံပိုဒ်နှစ်ခုကဲ့သို့ ဂရုသံကာရန်တူအုပ်ကာ ချလိုရာ လဟုသံတစ်ခုခုသို့ ပြောင်း၍ချရသည်။ စတုတ္ထချိုးကိုမူ ဂရုသံဖြင့်ချီ၍ တတိယချိုး၏အချနှင့် လဟုသံကာရန်တူ ချမြဲဖြစ်သည်။ လေးချိုးတွင် တတိယအချိုး၌ ခွာထောက်ကာရန်ပါလေ့ရှိသည်။ အချိုးများတွင် ပထမအချိုး၏ အချီပိုဒ် အက္ခရာကို ငါးလုံး သို့မဟုတ် ခြောက်လုံး၊ ဒုတိယအချိုး၏ အချီပိုဒ် အက္ခရာကို လေးလုံး၊ တတိယအချိုး၏အခံပိုဒ်အက္ခရာကို ငါးလုံးနှင့် စတုတ္ထအချိုး၏ အခံပိုဒ်အက္ခရာကို လေးလုံးထားပေးရပါမည်။ အခြေခံအားဖြင့် ဒွေးချိုးအပေါ်တွင် လဟုသံဖြင့်ချရသော အချိုးနှစ်ခု ထပ်ဆင့်လိုက်လျှင် လေးချိုးဖြစ်လာသည်။ ဦးကျော်လှ၏သံချိုလေးချိုး တစ်ပုဒ်ဖြစ်သော "မှိုင်းမပါကြောင်း"အမည်ရှိ ကဗျာဖြင့် ပုံစံပြဆိုပါမည်။

**မှိုင်းမပါကြောင်း**

"အရွယ်မှာ အစွယ်ကျိုးလို့ ကွယ်ကိုးရာမပေါ်ဘု၊ ညှိုးလျော်ပြီ ဘိုးကျော်လှငဲ့၊ ကိုးမှော်ရဉာဏ်ဝိဇ္ဇာ။ မန်းရွှေပြည် နန်းဗွေကနက်တွင်မှ၊ ထမ်းရွက်စဉ် အခါတုန်းက၊ ရွာလုံးကုန် မှီခိုလောက်ပါငဲ့၊ ဂုဏ်ရောက်ဟန် မောက်မန်နှင့်မတင်းပါဘု၊ ရန်ကန်းအောင်ထွေထွေပြုခဲ့၊ မင်းမှုတွက်တာ။ ဘိလပ်စံ ထပ်မံလို့ စိုးပြန်တော့၊ ကံညှိုးပုံ အခက်ဆုံးပ မျက်လုံးသဖွယ်နှင့်၊ လက်ရုံးနှစ်သွယ်ပခုံးငယ်ပေါက်လေသို့၊ သုံးယောက်ပင် ညီနောင်သားတို့၊ ရှောင်ရှားနှင့် အနိစ္စာ၊ အဘိဓ္ဓါနာရွှေ့ပြောင်း။ အစဉ်ပင်လျှင် သူကြီးတို့နှင့်၊ ဝရီးတူ ဆွေအမျိုးပါပဲ၊ မောင်ဘိုးမှန် စိုးပြန်ခိုက်တွင်မှ၊ ထန်လိုက်လေ အရပ်သားတို့က၊ သနားမညှာတာလို့၊ တံခါးမှာ သွားကာ အိပ်ပါရ၊ အရိပ်ကယ် အရောင်မည်းလို့၊ မှောင်ထဲတွင် မမြင်ကန်းဟာမို့၊ ပင်ပန်းစွာ လမ်းတာသွားရ၊ စမ်းဒါ စမ်းဒီဖြစ်ချေပေါ့၊ ဤနှစ်လွန် ခုနှစ်ဆယ်သာခဲ့၊ ကိုယ်ခန္ဓာ အိုကာထိုင်းပြီမို့၊ ထိုရွာမှာ တံခါးဗိုလ်အရာ မခိုင်းလေနှင့်၊ မှိုင်းမပါကြောင်း။"ဆိုသည့်ကဗျာတွင် ဇာ၊ တာ၊ စာဟူ၍ လဟုသံဖြင့် အခံပိုဒ်ကာရန်နှင့် ခွာထောက်ကာရန်တို့ယူကာ အအုပ်ပိုဒ်တွင် ပြောင်းနှင့်ကြောင်းတို့ဖြင့် အအုပ်ပိုဒ်ကာရန်ဂရုသံဖြင့်ချခဲ့သည်။

**သံချိုစာဆိုများ**

မြန်မာစာပေလောကတွင် ထင်ရှားသော သံချိုစာဆိုမှာ မောင်းထောင် ဦးကျော်လှဖြစ်ပြီး ဦးကျော်လှအပြင် သာဝတ္ထိဦးကြီး၊ အလုံမြို့ ကင်းစမ်းရွာက ဦးမြတ်ဝင်း၊ ကျောက္ကာရွာက ဦးကျော်၊ ချောင်းဦးဆယ်ရွာက ဦးဉာဏ်ကျယ်အမည်ခံ ဦးကြူ၊ မင်းစာဝန်နှင့် ဦးပျော်ဘွယ် စသည်တို့မှာ ထင်ရှားကြသည်။ ဦးဉာဏ်ကျယ်နှင့် ဦးကျော်လှတို့သည် သံချိုစာဆိုပြိုင်ဖက်များဖြစ်ကြသည်။ ဦးကျော်လှနှင့် စောင်းချိတ်ဖက်၊ ခတ်ဖက် ဉာဏ်ကျယ်ဆိုသောသူတစ်ဦးက ၁၂၀၈ ခုနှစ်အတွင်း ပန်းထိမ်မင်းသားအရေးအခင်းဖြစ်သောအခါ "အကျွန်ုပ်ဉာဏ်ကျယ်နှာ ကိုးမြို့ဝန်မင်းလက်ဝါးနှင့်အတူ ရင်ကိုမြေကတုတ်ပြု၍ အမှုတော်ကို ထမ်းရွက်သူဖြစ်သည်။ ဦးကျော်လှဆိုသူမှာမူ တော်ရာလျော်ရာထောင့်က သေနတ်ကိုပစ်ကာ ချုံကြိုချုံကြား ပြေးရှောင်ပုန်းအောင်းနေသူဖြစ်သည်။"ဟု မိမိကိုယ်ကို အမွှမ်းတင် ကိုယ်ရည်သွေးပြု၍ ဦးကျော်လှကိုမူ အမှုတော်မထမ်းမရွက် အလွတ်ရုံးထွက်၍ တစ်ကိုယ်ကောင်းနေသူဖြစ်သည်ဟု သီပေါမင်းတရား၊ မင်းမိဖုရားနှစ်ပါးနှင့် မှူးမတ်ဗိုလ်ပုံအလယ်တွင် အရှက်ကွဲအောင် စာချိုးတစ်ခု ရွတ်ဆိုလိုက်လေသည်။

မောင်းထောင် ဦးကျော်လှက တုံ့ပြန်ရာတွင် "ထောင့်နှစ်ရာနှစ်ဆယ်ယွန်းလို့၊ အစွန်းမှာ ရှစ်ခုကြိမ်းဝယ်က၊ ပန်တိမ်းငယ်ရွှေဘိုကို ခြံမိလို့၊ ပြေအကုန်မြေကုန်ပြေးကြရ၊ မုံရွေးရွာ ခင်မွန်ထိရောက်ကရော့၊ အများတကာ အသွားအလာကြောက်ကြရ၊ ဓားမိုးပေါက်စွေလို့ရွာ။ အလွဲဘက်ဟာမို့ ရဲထွက်ပြန်အကြံမှားပါလိမ့်၊ လုံခားစုံ သေနတ်စွဲလို့၊ တပ်ထဲမှာ မပုန်စားဝံ့ဘူး၊ စုံဖျားမြိုင် ဂနိုင်ကောင်းရာသို့၊ မယားပါသားပါ အောင်းပေငဲ့၊ မောင်းထောင်ဆရာ။ ဉာဏ်ပညာ ယှဉ်ကာဖက်လို့၊ မပျက်ကယ် မကြွေဘု၊ အသက်ရှည် လူမှာကျန်းပေလို့၊ ရာနန်းပိုင် နှစ်ကြိမ်ဆက်လို့၊ ထမ်းရွက်ရရှေ့တော်မှာ၊ မွေ့လျော်စွာ ခယမ်း။ ကိုးမြို့ဝန် ဗိုလ်ချုပ်မှူးနှင့်၊ ချောင်းဦးဆယ်ရွာက၊ နယ်အညာ ဒီပဲရင်းသို့၊ ထောင်ကုဋေ အောင်မြေနင်းကြတော့၊ တပ်တွင်းမရောက်ဘဲရယ်နှင့်၊ နောက်ဆွဲ အတန်ဝေးတွင်မှ၊ အခလေးတွေ သူငယ်ချင်းနှင့်၊ ကောက်သင်းကိုလိုက်ကာ ကောက်သူက၊ စာလျှောက်တင် ဝါ၍လျှမ်းပြန်ခဲ့၊ ရာနန်းပိုင် တကယ်မှတ်အောင်တဲ့။ ဉာဏ်ကျယ်မှာ ဆန်စလွယ် ခါးပတ်ကယ်နှင့်၊ အချိုးဆို ကိုးဗိုလ်တပ်တွင်မှ၊ အိုးဖိနပ်ထမ်း။"ဆိုသည့်သံချိုကဗျာဖြင့် တုံ့ပြန်ရာ မင်းပွဲပရိသတ်တို့ ကောင်းချီးသြဘာပေးခံပြီး ဆုလာဘ်များ ရရှိခဲ့သည်။

**သံချိုနှင့် လက်တန်း**

သံချိုလေးချိုးကဗျာကို ရုပ်သေးစင်ပေါ်တွင် စင်လက်တန်းကိုကိုင်၍ လက်တန်းရွတ်ဆိုရာမှ "လက်တန်း"ဆိုသည့်စကား ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ဦးကျော်လှကိုလည်း သီပေါမင်းနှင့် စုဖုရားလတ်တို့ရန်ကင်းတောင်၊ ကျောက်စေတီဘုရားကို ဖူးမြော်စဉ် တောင်ထားဝယ်ဗိုလ်က မိကျောင်းပန်းဆက်သသည်တွင် ထိုပန်းအကြောင်းကို သံချိုဖြင့် လျှောက်စေရာ ကောင်းမွန်လှသဖြင့် ဆုတော်ငွေတစ်ထောင်ကျပ် ချီးမြှင့်ခံရလေသည်။ အဆိုပါ လက်တန်းသံချိုကဗျာမှာ "မဆွတ်ခင် ညွတ်ချင်ရက်ဟာမို့၊ အခက်နှင့် အခိုင်မှာတော့၊ မကိုင်လျှင် သာသာပ၊ ကိုင်ပြန်လျှင် ယိုင်ခါခါနှင့်၊ ပြိုင်မကြာ ခိုင်ညှာက ပြုတ်တော့မထင့်၊ ပန်းပုပ္ဖ ပွင့်ပွေလီ။ ထိမ်းအမှတ်ဝိညာတ် ဝစီဒါနှင့်၊ သညာထင်စွာ ပြုရှာကြ၊ သံသုမာဆိုသထင့်၊ ခရာပိုလတာညိုပန်းတွေက၊ ဆန်းပေ့စီရရီ။ ရွှေနန်းသူ ဟန်ပွေလီအောင်တဲ့၊ ရွှေကေသီတော်ပေါ်မှာဆင်တဲ့၊ ဂေါသဇင် ဒေဝီမှန်တို့ကို၊ အာခံကာကာပြန်ဝင့်ပြီဟု၊ နန်းနှင့်ဖြင့် သူမသိ၊ ပလီငဲ့ဘိတောင်း။ ပုံတစ်မူ ယဉ်ယဉ်နှင့်၊ ပန်းရွှေမိကျောင်း" ဟူ၍ဖြစ်သည်။

**မျိုးချစ်စာဆို ဦးကျော်လှ**

၁၂၄၇ ခုနှစ် နယ်ချဲ့တို့ရောက်ရှိချိန်တွင် ဦးကျော်လှသည် နေပြည်တော်မှခွာခဲ့ပြီး သဘင်ပညာဖြင့် လှည့်လည်ရာ ရန်ကုန်တွင် ဇာတ်ဆရာကြီး ဦးဖိုးစိန်နှင့် ခင်မင်သိကျွမ်းခဲ့သည်။ ထိုစဉ် ဆရာကြီး ဦးကျော်လှသည် "ဘိလပ်စံ တပ်ခံမြဲပါ့မလား၊ ပွဲခြောက်ခုစွန်း"ဆိုသည့်သံချိုကြောင့် အဖမ်းခံရသေးသည်။ တစ်ဖန် ကမ္ဘာစစ်မီးအကြောင်းကိုလည်း သံချိုရေးကာ သတိပေးခဲ့ပြန်သည်။ "ကမ္ဘာ့မီးရယ်ကြောင့်၊ ဖိစီးကာ ပျက်ပြိုပြုန်းကြတော့၊ သုံးလူ့ရှင် သာသနာမှာ၊ မေးရောင်ဝါ တစ်ခဏကိန်းရယ်နှင့်၊ ခေတ်သိမ်းမည်သည်အခါ မျှော်ကြတော့၊ မောင်းထောင်ခေါ် ကျော်ဆရာကဝိရယ်က၊ သတ္တဝါတွေ ဘယာအခြေသိစေဖို့ကွယ်၊ နှိုးသတိပေး။" တစ်ဖန် "သာသနာတောက်ကာလင်းမည်ကြောင့်" တဘောင်တေးထပ်ကို ဖွဲ့ဆိုပြန်သည်။ ထိုတေးထပ်တွင် စနေနံဖြစ်သည့် အင်္ဂလိပ်တို့စစ်ရှုံး၍ မြန်မာတို့လွတ်လပ်ရေးရမည့်အရေး ရေးဖွဲ့ခဲ့ပေသည်။" မန်းပြည်ဘောင်ဌာန၊ ချမ်းကြည်အောင် သာလှလို့၊ မြန်မာများတင့်ပြီ၊ စနေနံ ဧကန်လျှောမည်ကြောင့်၊

စာမျက်နှာ ၅ သို့ ➡

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင် ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၁၈၂၈၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၁၈၂၈၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၄၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၈၂၈၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်း ၃၇၄၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၈၂၈၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ထွန်းတောက်လို့ထိန်၊ အသီတိ စန်းလင်္ကာအိမ်မှာ၊ နန်းတက်ချိန်နီးပြီမို့လေး။"

**ဦးကျော်လှနှင့် သဿမေအခွန်**

၁၂၇၈ ခုနှစ် အင်္ဂလိပ်အစိုးရအနေဖြင့် သဿမေအခွန်ဆိုသည့် လယ်ခွန်နှစ်ကျပ်စတင်ကောက်ခံရာ ဦးကျော်လှတို့ ဇနီးမောင်နှံအနေဖြင့် ပေးရန်ငွေမရှိဖြစ်ရပြီး သားသုံးဦးမှာလည်း ဆုံးပါးကြကုန်ပြီဖြစ်သည်။ ထိုအခြေအနေကို မုံရွာနယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်တင် ဘုတလင်ရုံးကို စစ်ဆေးရန်ရောက်စဉ်တွင် ဦးကျော်လှက နှုတ်ဖြင့် လက်တန်းသံချိုရွတ်ပြလေသည်။ "သက္ကရာဇ်ရွယ် ရှစ်ဆယ်နီးချေပေ့၊ မယ်ကြီးအို ဘိုးအိုနဲ့ ဖွားကြတဲ့၊ ကိုယ့်သားတွေ အပါးနေမရှိချေဘု၊ စုတိကာ ဝိညာဉ်ချုပ်နှင့်လို့၊ ချက်ပြုတ်ကာ ရေပူအေးငယ်နှင့်၊ လုပ်ကျွေးသူ ပေလျာကန်ရှော့၊ ဒုက္ခိတံ အလွန်ရောက်သော်ကြောင့်၊ ဝန်ထောက်တော်ပညာရှိပေတဲ့၊ ဇာတိအခြေ နေညွန့်သွေးပေမို့၊ နှစ်ကြေးငွေ သဿမေကို၊ တကျေးတရွာ မပြေးရှာနိုင်ကြဘု၊ အေးစာစောင်ရေးကာသလို့ရယ်၊ ဖေးမပါကြောင်း။" ဟု ဖွဲ့ဆိုခဲ့သည်။

နယ်ပိုင်ဝန်ထောက်သည် ရွှေဘိုမင်း၏ မြစ်တော်စပ်သူဖြစ်သောကြောင့် ဦးကျော်လှအနေဖြင့် သွားရောက်ပြောဆိုခြင်းဖြစ်ပြီး အင်္ဂလိပ်လူမျိုးဆိုလျှင်တော့ ထိုသို့ပြောဖြစ်မည်မထင်မိပါချေ။

**ဦးကျော်လှ၏ သံချိုလေးချိုးများ**

၁၃၁၀ ပြည့်နှစ်တွင် သုတေသနမှူး ဦးအောင်သိန်း(နန်းညွန့်ဆွေ) ပြုစုတည်းဖြတ်သည့် မောင်းထောင် ဦးကျော်လှ၏ သံချိုကဗျာပေါင်းချုပ်၌ သံချိုပုဒ်ရေ ၁၅၀ ခန့်ကို မှတ်တမ်းပြုနိုင်ခဲ့သည်ကို တွေ့ရကာ ဗေဒင်နက္ခတ်ပိုင်းဆိုင်ရာ သံချို ၃၅ ပုဒ်နှင့် လူမှုရေးဆိုင်ရာသံချို ၁၁၂ ပုဒ်တို့ ပါဝင်ပေသည်။ ဦးကျော်လှ၏ သံချိုများသည် ယခုဖော်ပြသည်ထက် များစွာ ရှိပေဦးမည်ဖြစ်ပြီး ယခုစုဆောင်း၍ ရသမျှကို ဖော်ပြရခြင်းဖြစ်ကြောင်း ဆရာနန်းညွန့်ဆွေက ဆိုသည်။ ဤသို့ပြုစုနိုင်ခြင်းကလည်း ဦးကျော်လှ သက်ရှိထင်ရှားရှိချိန် ၁၂၇၄ ခုနှစ်တွင် မုံရွာမြို့ သလ္လာဝတီစာပုံနှိပ်တိုက်က ဦးကျော်လှ၏ သံချိုများကို "မနောရမတိ လောကီသာရ ကဗျာဝစန"ကျမ်းအမည်ဖြင့် စာအုပ်ရိုက်နှိပ် ထုတ်ဝေခဲ့သောကြောင့်ဖြစ်သည်ဟုဆိုသည်။ ဦးကျော်လှ၏ စာချိုးဖက်ဖြစ်သော ဦးရွှေကြူခေါ် ဦးဉာဏ်ကျယ်၏ သံချိုများမှာမူ စာအုပ်ရိုက်နှိပ်ထားမှုမရှိသဖြင့် စုဆောင်းရှာဖွေ၍မရကြကြောင်း သိရှိရပေသည်။ ဆရာကြီး ဦးကျော်လှသည် ၁၂၈၃ ခုနှစ် ဝါခေါင်လဆန်း ၅ ရက်တွင် ကွယ်လွန်ပြီး အသက် ၈၀ ရှိပြီဟုဆိုသည်။

**ကိုးကား**

- **ဦးအောင်သိန်း(နန်းညွန့်ဆွေ)၏ မောင်းထောင်ဦးကျော်လှ၏ သံချိုကဗျာပေါင်းချုပ်**
- **မြန်မာ့စွယ်စုံကျမ်း အတွဲ (၉)**

# အောင်စိတ်ရှိမှ အောင်မြင်ရ

- ရင်တွင်းဝယ် အောင်စိတ်ရှိ
  ထိပ်ဆုံးထိ မျှော်မှန်းကာ၊
  ဖွဲ့သတ္တိတွေ ရင်မှာလွှမ်း
  လှမ်းတက်ကြပါ၊
  ပျင်းရိစိတ် ရှောင်ကြဉ်ရာ
  အောင်မြင်မှာ ဘယ်မလွဲ၊
  အခက်ခဲကို ဘယ်မမှုကွယ်
  အန်တုရဲရဲ။

- ဘဝဟူသည် တိုက်ပွဲမို့
  မမိုက်မဲသင့် လူငယ်တွေ၊
  ယုံကြည်ရာ ပန်းတိုင်အရောက်
  ဆက်လျှောက်သင့်ပေ၊
  လဲကျတိုင်း ပြန်ထလေ
  ကြိုးစားနေ အမြဲတမ်း၊
  တန်ဖိုးဝင် လူသားအဖြစ်
  ထုဆစ်အောင်ပန်း။

- ပန်းတိုင်သည် လက်တစ်ကမ်း
  မညှိုးမနွမ်း စိတ်သန္တာန်၊
  အောင်စိတ်ကို ရှေ့ဆောင်ထား
  ကြိုးစားချိန်မှန်၊
  အကောင်းအဆိုး အမှားအမှန်
  ဝေဖန်ကာ သုံးသပ်မနေး၊
  ကိုယ့်ဂုဏ်ရှိန် ကိုယ့်တန်ဖိုးကို
  တိုးတက်စေလေး။ ။

ရဲသွေးနီ(တက်ဝန်)

# ဟသ်ာတမြို့နယ် အိုးဘိုကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**ဟသ်ာတ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျုံတွမ်ကျေးရွာအုပ်စု အိုးဘိုကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အိုးဘိုကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အိုးဘိုကုန်းကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ပေ ၇၂၀၊ အကျယ် ၂ ဒသမ ၅ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇင်မာ

# နိုင်ငံတကာ သတင်းများ

## နီပေါရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ စတင်



ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၆

မတ် ၅ ရက်တွင် ကျင်းပမည့် အောက်လွှတ်တော်ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးများမှုများကို နီပေါနိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက ယနေ့တွင် စတင်ခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

မတ် ၅ ရက်တွင် လွှတ်တော်ရွေးကောက်ပွဲသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆန္ဒပြပွဲများကြောင့် ၂၀၂၅ ခုနှစ်အတွင်း နီပေါအစိုးရ နုတ်ထွက်ခဲ့ရပြီးနောက်ပိုင်း ပထမဆုံးကျင်းပမည့် အောက်လွှတ်တော် ရွေးကောက်ပွဲဖြစ်ကြောင်း သိရသည်။

မတ် ၅ ရက် လွှတ်တော်ရွေးကောက်ပွဲများသည် နီပေါနိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးမည့် ရွေးကောက်ပွဲများဖြစ်ကြောင်း နီပေါယာယီအစိုးရဝန်ကြီးချုပ် ဆူရှီလာကာကီက ယနေ့တွင် ပြောကြားထားသည်။

မတ် ၅ ရက် အောက်လွှတ်တော်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် အောက်လွှတ်တော် အမတ်နေရာ ၂၇၅ နေရာကို ရွေးချယ်ပေးရမည်ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၉ သန်းနီးပါးရှိပြီး ဦးရေ ၈၀၀၀၀၀ ကျော်တို့မှာ ပထမဆုံးအကြိမ် မဲပေးခွင့်ရသူများဖြစ်ကြသည်။

အဆိုပါ ရွေးကောက်ပွဲကျင်းပရာတွင် အမတ်နေရာ ၁၆၅ နေရာကို ပြည်သူတို့၏ တိုက်ရိုက်ဆန္ဒမဲဖြင့် ရွေးချယ်မည်ဖြစ်ပြီး နေရာ ၁၁၀ ကို အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## စစ်ဝါဒပြန်လည်အသက်သွင်းနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြားချက်ကို ဂျပန်ကန့်ကွက်

တိုကျို ဖေဖော်ဝါရီ ၁၆

စစ်ဝါဒကို ပြန်လည်အသက်သွင်းရန် ဂျပန်လက်ယာစွန်း အင်အားစုများက ကြိုးပမ်းနေသည်ဟူသော တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ၏ ပြောကြားချက်ကို ဂျပန်အစိုးရက ကန့်ကွက်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ဂျပန်ပြည်တွင်းရှိ လက်ယာစွန်းအင်အားစုများအနေဖြင့် စစ်ဝါဒကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပခဲ့သည့် မြူးနစ် နိုင်ငံတကာလုံခြုံရေးညီလာခံ၌ ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဂျပန်ပြည်သူများအနေဖြင့် ဂျပန်လက်ယာစွန်းဝါဒီများ၏ လှည့်ဖြားမှုကို လက်မခံသင့်ကြောင်းလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းခဲ့သည်။

သို့ရာတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ အဆိုပါပြောကြားချက်များကို ဂျပန်အစိုးရက အခြေအမြစ်မရှိသည့် ပြောကြားချက်များအဖြစ် တုံ့ပြန်ထားသည်။

အလားတူ တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်များအတွက် သံတမန်လမ်းကြောင်းများမှတစ်ဆင့် ကန့်ကွက်စာပေးပို့ထားကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)ကို တိုက်ခိုက်ခဲ့ပါက ဂျပန်နိုင်ငံ၏ စစ်ရေးအရတုံ့ပြန်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာအိချီက ပြောကြားခဲ့ပြီးနောက် တရုတ်နှင့် ဂျပန်နှစ်နိုင်ငံဆက်ဆံရေးတင်းမာလျက်ရှိကြောင်း သိရသည်။ Ref : RT

Trs : KKO

## ဂါဇာပြန်လည်တည်ဆောက်ရေးရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်ထည့်ဝင်ရန် ငြိမ်းချမ်းရေးဘုတ်အဖွဲ့နိုင်ငံများ ကတိပြု



ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

ဂါဇာကမ်းမြောင်ဒေသပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာငါးဘီလီယံကျော်ထည့်ဝင်ပေးရန် ငြိမ်းချမ်းရေး ဘုတ်အဖွဲ့ဝင်နိုင်ငံများက ကတိပေးထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ကုလသမဂ္ဂ၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းမည့်ဂါဇာတည်ငြိမ်ရေးနိုင်ငံတကာငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင်များဖြည့်ဆည်းပေးရန်လည်း အဖွဲ့ဝင်နိုင်ငံများက ကတိပေးထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

ငြိမ်းချမ်းရေး ဘုတ်အဖွဲ့၏ ပထမဆုံးအကြိမ် အစည်းအဝေးမကျင်းပမီ ရက်ပိုင်းအလိုတွင် သမ္မတဒေါ်နယ်ထရမ့်က အဆိုပါအတိုင်းထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ငြိမ်းချမ်းရေးဘုတ်အဖွဲ့၏ ပထမဆုံးအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဝါရှင်တန်မြို့၌ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည်။

ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်းမှုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုနှစ် ဇန်နဝါရီလတွင် ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ ကျင်းပခဲ့သော ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်၌ တရားဝင်ကြေညာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပြည်ပစစ်ဆင်ရေးများ၌ကျဆုံးခဲ့သော စစ်သည်များ၏ မိသားစုများအတွက် အိမ်ရာသစ် ကင်ဂျုံအန် တက်ရောက်ဖွင့်လှစ်

ပြုံယမ်း ဖေဖော်ဝါရီ ၁၆

ပင်လယ်ရပ်ခြား စစ်ဆင်ရေးများ၌ ကျဆုံးခဲ့သည့် စစ်သည်များ၏ မိသားစုများအတွက် အိမ်ရာသစ်တည်ဆောက်မှု လုပ်ငန်းပြီးဆုံးခြင်းအခမ်းအနားသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အိမ်ရာသစ်တည်ဆောက်မှု လုပ်ငန်းပြီးဆုံးခြင်း အခမ်းအနားကို ပြုံယမ်းမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ အိမ်ရာသစ်သည် ပင်လယ်ရပ်ခြား စစ်ဆင်ရေးများ၌ ကျဆုံးခဲ့သော တပ်ဖွဲ့ဝင်များ၏ ပေးဆပ်မှုများကို ကိုယ်စားပြုကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အခမ်းအနားမိန့်ခွန်း၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ပင်လယ်ရပ်ခြား စစ်ဆင်ရေးများ၌ ကျဆုံးခဲ့သော စစ်သည်များ၏ မိသားစုဝင်များအတွက် အိမ်ရာသစ်ဖွင့်ပွဲ အခမ်းအနားသို့ မြောက်ကိုရီးယားခေါင်းဆောင်နှင့်အတူ ၎င်း၏သမီး ဂျူအေးလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။



ရုရှားနိုင်ငံနှင့် ရယူထားသည့် အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက်အရ မြောက်ကိုရီးယားနိုင်ငံသည် ယူကရိန်းစစ်မြေပြင်၌ ရုရှားတပ်များနှင့်အတူ ပူးပေါင်းတိုက်ခိုက်ရေးအတွက် ၂၀၂၄ ခုနှစ်အတွင်း ရုရှားသို့ တပ်ဖွဲ့ဝင် ၁၄၀၀၀ ထိ စေလွှတ်ခဲ့သည်။

ယူကရိန်းနှင့် အနောက်အုပ်စုနိုင်ငံများ၏အဆိုအရ ယူကရိန်းစစ်မြေပြင်၌ မြောက်ကိုရီးယားတပ်ဖွဲ့ဝင် ၆၀၀၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံ၌ မီးရှူးမီးပန်းအရောင်းဆိုင် ပေါက်ကွဲမှုဖြစ်ပွား၊ လူ ရှစ်ဦးသေဆုံး

ပေကျင်း ဖေဖော်ဝါရီ ၁၆

တရုတ်နှစ်သစ်ကူးနေ့ မတိုင်မီ ဖေဖော်ဝါရီ ၁၅ ရက်တွင် တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းဆုပြည်နယ်၌ မီးရှူးမီးပန်း အရောင်းဆိုင်တစ်ဆိုင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မီးရှူးမီးပန်းအရောင်းဆိုင်အနီးစည်းကမ်းမဲ့မီးရှူးမီးပန်းပစ်ဖောက်မှုများကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကျန်းဆုပြည်နယ်တာဝန်ရှိသူများက ပြောကြားထားသည်။

မီးရှူးမီးပန်း အရောင်းဆိုင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အခင်းဖြစ်နေရာသို့ အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ထားကြောင်း ကျန်းဆုပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် မီးရှူးမီးပန်း အရောင်းဆိုင် ပေါက်ကွဲမီးလောင်မှုဖြစ်စဉ်အား စုံစမ်းစစ်ဆေးနေပြီး တာဝန်ရှိသူများကို အရေးယူမည်ဖြစ်ကြောင်း ကျန်းဆုပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။


အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မီးရှူးမီးပန်းထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ရောင်းချမှု၊ အသုံးပြုမှုများကို သတိထားဆောင်ရွက်ရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

တရုတ်နိုင်ငံ၌ အစဉ်အလာအရ နှစ်သစ်ကူးအကြိုနေ့များတွင် မီးရှူးမီးပန်းများပစ်ဖောက်လေ့ရှိကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စနေဂြိုဟ်၏ တိုက်တန်ဂြိုဟ်ရံလဖွဲ့စည်းဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ အမေရိကန် SETI အင်စတီကျုသိပ္ပံပညာရှင်များက အဆိုပြုချက်တစ်ရပ်တင်သွင်း



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

စနေဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သည့် တိုက်တန်ဂြိုဟ်ရံလဖွဲ့စည်းဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ SETI အင်စတီကျုမှ သိပ္ပံပညာရှင်များက အဆိုပြုချက်တစ်ရပ် တင်သွင်းထားကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ သီအိုရီသစ်အရ တိုက်တန်ဂြိုဟ်ရံလသည် စနေဂြိုဟ်စနစ်အတွင်းရှိ ရှေးခေတ်ဂြိုဟ်ရံလ နှစ်စင်း ဝင်တိုက်မိချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း၊ သိပ်သည်းသည့် လေထုလွှာ၊ မီသိန်းဓာတ်ငွေ့ရည် ရေကန်ကြီးများနှင့် သက်တမ်း အထိုက်အလျောက်နုနယ်သည့် မြေမျက်နှာပြင်တို့ကြောင့် တိုက်တန်ဂြိုဟ်ရံလသည် သိပ္ပံပညာရှင်များ အထူးစိတ်ဝင်စားသည့် ဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တိုက်တန်ဂြိုဟ်ရံလမည်သို့မည်ပုံဖွဲ့စည်းဖြစ်ပေါ်လာသည်ဆိုသောအချက်မှာ သိပ္ပံပညာရှင်များအကြား အငြင်းပွားနေရဆဲပြဿနာဖြစ်ခဲ့ရသည်။

သို့ရာတွင် SETI အင်စတီကျုသိပ္ပံပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ တိုက်တန်ဂြိုဟ်ရံလသည် စနေဂြိုဟ်စနစ်အတွင်းရှိ လနှစ်စင်း ဝင်တိုက်မိချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်နိုင် ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကွန်ပျူတာစံပြပုံစံများ ဖန်တီးလေ့လာပြီးနောက် ၎င်းတို့၏ အဆိုပြုချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။


Ref : Sputnik News
Trs : KKO

## Crew Dragon အာကာသလူသယ်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီ၏ Crew 12 အာကာသမစ်ရှင်ဖြင့် လွှတ်တင်ခဲ့သော Crew Dragon အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်ပေါ်၌ အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူး နှစ်ဦး၊ ရုရှားအာကာသယာဉ်မှူး တစ်ဦးနှင့် ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူး တစ်ဦးတို့လိုက်ပါသွားပြီး အဆိုပါအာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Crew Dragon အာကာသလူသယ်ယာဉ်သည် ဖေဖော်ဝါရီ ၁၄ ရက်တွင်နိုင်ငံတကာအာကာသစခန်းနှင့် တောင်အာဖရိကနိုင်ငံတောင်ပိုင်းမြေပြင်အထက် အမြင့်မိုင် ၂၅၀ ခန့်တွင်ရှိသည့် ပတ်လမ်းပေါ်၌ အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း စပေ့အိတ်နှင့်နာဆာတို့က သတင်းထုတ်ပြန်ထားသည်။

Crew 12 မစ်ရှင်အောင်မြင်မှုကြောင့် လက်ရှိတွင် နိုင်ငံတကာအာကာသစခန်းပေါ်၌ အာကာသယာဉ်မှူး ခုနစ်ဦးထိ ရှိလာခဲ့ပြီဖြစ်သည်။

Crew 12 မစ်ရှင်အာကာသယာဉ်မှူး လေးဦးတို့သည် နိုင်ငံတကာအာကာသစခန်းပေါ်၌ ရှစ်လကြာ တာဝန်ထမ်းဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အင်ဒရိုမီးဒါးကြယ်စုအတွင်း ကြယ်တစ်စင်းပြိုကွဲပြီးနောက် အာကာသတွင်းနက်တစ်ခုအဖြစ် ပြောင်းလဲသွားပုံကို ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

နဂါးငွေ့တန်းကြယ်စု၏ အိမ်နီးချင်းကြယ်စုဖြစ်သည့် အင်ဒရိုမီးဒါးကြယ်စုအတွင်း ကြယ်တစ်စင်းပြိုကွဲပြီးနောက် အာကာသတွင်းနက်တစ်ခုအဖြစ် ပြောင်းလဲသွားပုံကို သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဖြစ်စဉ်ကို အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ NEOWISE အာကာသရေဒီယိုတယ်လီစကုပ် အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွင်း M-31-2014-DSI ဟူ၍ အမည်ပေးထားသည့်ကြယ်သည် လွန်ခဲ့သော ၁၀ နှစ်ကျော်က အလင်းအားရုတ်တရက် မြင့်တက်လာခဲ့ပြီး နောက်ပိုင်းတွင် အာကာသတွင်းနက်အဖြစ်သို့ ရုတ်ခြည်းပြောင်းလဲခဲ့ခြင်းဖြစ်သည်။

၎င်းကြယ်သည် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် ကြားကာလအတွင်း သေးငယ်သိပ်သည်းသည့် အတွင်းဝတ်ဆံလုံးအဖြစ် ပြိုကွဲခဲ့ပြီးနောက် နာရီပိုင်းအတွင်းမှာပင် အာကာသတွင်းနက်အဖြစ်ပြောင်းလဲသွားခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိတွင် အင်ဒရိုမီးဒါးကြယ်စုအတွင်း M-31-2014-DSI ကြယ်၏နေရာတွင် အသစ်ပေါ်ထွက်လာသည့် အာကာသတွင်းနက်တစ်ခု၏ ပတ်ပတ်လည်မှပေါ်ထွက်နေသော အနီအောက်ရောင်ခြည်များကိုသာ တွေ့မြင်နိုင်တော့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

M-31-2014-DSI ကြယ်သည် ဒြပ်ထုအားဖြင့် နေထက် ၁၃ ဆ ပိုကြီးမားပြီး ကမ္ဘာ့ဂြိုဟ်နှင့် အလင်းနှစ် ၂ ဒသမ ၅ သန်းအကွာ၌ တည်ရှိခဲ့သော ကြယ်တစ်စင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## Clascoterone လိမ်းဆေးဆီက ဆံပင်ကျွတ် ထိပ်ပြောင်မှုအတွက် ကုထုံးသစ်ဖြစ်လာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

ဝက်ခြံထွက်မှုပြဿနာအတွက် မူလက ရည်ရွယ်ဖန်တီးထားသော Clascoterone လိမ်းဆေးဆီက ဆံပင်ကျွတ်ထိပ်ပြောင်မှုအတွက် ကုထုံးသစ် ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ ဖေဖော်ဝါရီ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အခြေစိုက် Cosmo Pharmaceuticals ကုမ္ပဏီကဖန်တီးထားသော Clascoterone လိမ်းဆေးဆီကို သုတေသနပညာရှင်များက ဆံပင်ကျွတ်ထိပ်ပြောင်သူအမျိုးသား ၁၄၆၅ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်ကုသမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုပေါ်ထွက်လာသည့်ရလဒ်များအရ Clascoterone လိမ်းဆေးဆီသုံးစွဲပြီး ခြောက်လအတွင်း စမ်းသပ်မှုတွင်ပါဝင်သူများ၏ ဆံပင်ပြန်ထွက်နှုန်းအားကောင်းလာသည်ကိုတွေ့ရကြောင်း၊ အဆိုပါကုထုံးသည် အမျိုးသားများ အများဆုံးရင်ဆိုင်ရတတ်သော ဆံပင်ကျွတ်ထိပ်ပြောင်မှု ပြဿနာအတွက် ထိရောက်သည့် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Clascoterone လိမ်းဆေးသည် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများလည်းမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## ကင်ဆာရောဂါသက်သာပျောက်ကင်းသူများ UPFs အစားအစာများ လွန်ကဲစွာစားသုံးပါက အသက်ဆုံးပါးနိုင်ခြေ မြင့်မားနိုင်

**ရောမ ဖေဖော်ဝါရီ ၁၆**

ကင်ဆာရောဂါ သက်သာပျောက်ကင်းသူများ အနေဖြင့် အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ(UPFs)များ လွန်ကဲစွာစားသုံးပါက အသက်ဆုံးပါးနိုင်ခြေမြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁၅ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

အီတလီသုတေသနပညာရှင်များသည် ကင်ဆာရောဂါသက်သာပျောက်ကင်းသူ ၈၀၂ ဦးတို့ကို အချိန်ယူ စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ UPFs အစားအစာများကို အများဆုံး စားသုံးသည့်ကင်ဆာရောဂါသက်သာ ပျောက်ကင်းသွားသူများသည် ရောဂါဘယတစ်မျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေပိုမြင့်မားသည်ကို တွေ့ရကြောင်း အီတလီ သုတေသနပညာရှင်များက ပြောကြားသည်။

UPFs အစားအစာများ လွန်ကဲစွာစားသုံးမှုကြောင့် ပြင်းထန်သည့် နာတာရှည် ရောင်ရမ်းမှုပြဿနာ ပေါ်ထွက်လာနိုင်ကြောင်း၊ နာတာရှည် ရောင်ရမ်းမှုပြဿနာသည် နှလုံးရောဂါများနှင့် ကင်ဆာရောဂါများ တစ်ကျော့ပြန်ပေါ်လာမှုတို့အပါအဝင် ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ဆက်စပ်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO






## AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မိုရီကာဝါ ဆွတ်ခူး

**ပက်ဘယ်ဘိချ် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပက်ဘယ်ဘိချ်မြို့တွင် ကျင်းပခဲ့သည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား လီမင်ဝူနှင့် ဩစတြီးယား ဂေါက်သီးရိုက်ကစားသမား စထရာကာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာနှင့် အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

မိုရီကာဝါက "နောက်ဆုံးနေ့ကတော့ တစ်ရက်လုံးအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အထူးသဖြင့် နောက်ဆုံးကျင်း နှစ်ကျင်းမှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က တကယ်ကို အားရကျေနပ်စရာကောင်းပါတယ်။ နောက်ဆုံးကျင်းနှစ်ကျင်းက စွမ်းဆောင်ရည်ကြောင့် အခုလိုချန်ပီယံဖြစ်ခွင့်ရခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today
Trs : AZL



## ဂါနာချို ချဲလ်ဆီးအသင်းမှထွက်ခွာရန် အစီအစဉ်မရှိဟု အေးဂျင့်ဖြစ်သူ ပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၁၆**

ချဲလ်ဆီးအသင်း တိုက်စစ်ကစားသမား ဂါနာချို၏ အေးဂျင့်ဖြစ်သူက ဂါနာချို ယခုနှစ်ဘောလုံးရာသီ အကုန်တွင် ချဲလ်ဆီးအသင်းမှ ထွက်ခွာရန် အစီအစဉ်မရှိဟု ၎င်း၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ ဂါနာချိုသည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၁ ခုနှစ်က မန်ယူအသင်းတွင်စတင်ပါဝင်ကစားခဲ့ကာ အစောပိုင်းနှစ်များက အသင်းတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဟောင်း အာမိုရင်လက်အောက်တွင် ပွဲကစားခွင့်မရရှိသည့်အတွက် ၂၀၂၅ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းထံ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဂါနာချိုသည် ချဲလ်ဆီးအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ကြိုးပမ်းနေသည်ဟုသတင်းများ ထွက်ပေါ်နေသော်လည်း ၎င်း၏အေးဂျင့်ဖြစ်သူက ဂါနာချို၏ အနာဂတ်နှင့်ပတ်သက်ပြီး အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂါနာချို၏အေးဂျင့်က "ဂါနာချိုအနေနဲ့ ချဲလ်ဆီးအသင်းကနေထွက်ခွာဖို့ အစီအစဉ်မရှိပါဘူး။ သူ့အနေနဲ့ အသင်းမှာကာလရှည်ကစားဖို့စီစဉ်ထားတာပါ။ အသင်းနဲ့ အကောင်းဆုံးပုံစံရရှိနေလို့ အသင်းမှာကာလ ရှည်ဆက်ကစားသွားပါလိမ့်မယ်။ သူနဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ သတင်းတွေက ကောလာဟလ သတင်းတွေပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : One Football
Trs : STA

## ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အသက် ၄၁ နှစ်ဖြင့် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စီရော်နယ်ဒို မှတ်တမ်းဝင်

**ရီယာဒ် ဖေဖော်ဝါရီ ၁၆**



အယ်လ်နာဆာအသင်း ဝါရင့်တိုက်စစ်မှူး စီရော်နယ်ဒိုသည် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂)အဖြစ်ကစားခဲ့သည့် အယ်လ်ဖာတက်အသင်းနှင့် အယ်လ်နာဆာအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့ပြီးနောက် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အသက် ၄၁ နှစ်ဖြင့် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၅ ရက်က အသက် ၄၁ နှစ်ပြည့်မြောက်ခဲ့သည့်အတွက် အယ်လ်ဖာတက်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အသက် ၄၁ နှစ်ဖြင့် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ဇန်နဝါရီလက အယ်လ်ဟီလယ်အသင်းမှ အသင်းဖော်ဟောင်း ဘင်ဇီးမားကိုအသင်းထံခေါ်ယူပေးရန်တောင်းဆိုခဲ့ပြီး အသင်းတာဝန်ရှိသူများက ခေါ်ယူပေးခြင်းမရှိသည့်အတွက် အသင်းတာဝန်ရှိသူများ၏လုပ်ရပ်ကို ဆန့်ကျင်သည့်အနေဖြင့် အသင်းကစားသမားစာရင်းမှနုတ်ထွက်ကာ အသင်းအတွက် ပါဝင်ကစားပေးရန် ငြင်းပယ်ခဲ့ပြီးနောက် အသင်းနှင့်ပွဲစဉ်သုံးပွဲလွဲချော်ခဲ့ပြီး ပြီးခဲ့သည့် အယ်လ်ဖာတက် အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ကစားပေးခဲ့ကာ ပထမဆုံးပါဝင်ကစားခဲ့သည့်ပွဲစဉ်တွင်ပင် သွင်းဂိုးရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် အယ်လ်နာဆာအသင်းနှင့်အတူ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ၁၉ ပွဲတွင် သွင်းဂိုး ၁၈ ဂိုးသွင်းယူထားကြောင်း သိရသည်။

Ref : B/R Football
Trs : STA

## WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်အတွက် ဝက်ဒ်လေက ဒူဘွိုက်စ်နှင့် မေ ၉ ရက်တွင် ထိုးသတ်မည်ဟု တရားဝင်ထုတ်ပြန်

**မန်ချက်စတာ ဖေဖော်ဝါရီ ၁၆**

ဗြိတိန် လက်ဝှေ့သမားများဖြစ်ကြသည့် လက်ရှိချန်ပီယံ ဝက်ဒ်လေနှင့် ဒူဘွိုက်စ်တို့ ယခုနှစ် မေ ၉ ရက်တွင် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အတွက် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ထိုးသတ်မည်ဟု ပွဲစီစဉ်ပေးသည့် DAZN ကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ဝက်ဒ်လေနှင့် ဒူဘွိုက်စ်တို့ စိန်ခေါ်ပွဲအတွက် ဆွေးနွေးနေကြောင်း သတင်းများ ထွက်ပေါ်လာသကဲ့သို့ ဗြိတိန်လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် ချီဆိုရာက ဝက်ဒ်လေနှင့် ဒူဘွိုက်စ်တို့ကြား စိန်ခေါ်ပွဲထိုးသတ်မည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဝက်ဒ်လေသည် ပြိုင်ဘက်ကင်း ချန်ပီယံခါးပတ်အတွက် ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်နှင့်ထိုးသတ်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း အူဆက်ခ်က အခြားပြိုင်ဘက်ကိုသာရွေးချယ်ဖွယ်ရှိနေသည့်အတွက် ဒူဘွိုက်စ်၏ စိန်ခေါ်မှုကိုလက်ခံခဲ့ခြင်းဖြစ်သည်။

ဝက်ဒ်လေက "ဒီစိန်ခေါ်ပွဲကို လက်ခံခဲ့တဲ့ အကြောင်းရင်းက သာမန်လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ် ထိုးသတ်သွားတာမျိုးမဟုတ်ပါဘူး။ ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်ရမယ်။ နှစ်တစ်နှစ်ရဲ့ အကောင်းဆုံးပွဲတစ်ပွဲဖြစ်လာနိုင်မဲ့ ပွဲမျိုးဖြစ်ရမယ်။ ဒီအချက်တွေနဲ့ ကိုက်ညီနိုင်တဲ့ပြိုင်ဘက်ဟာ ဒူဘွိုက်စ်ဖြစ်တဲ့အတွက် ဒူဘွိုက်စ်ရဲ့စိန်ခေါ်မှုကို လက်ခံခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN
Trs : AZL

## ရီးရဲလ်မက်ဒရစ်အသင်းကခေါ်ယူရန် ကြိုးပမ်းနေသည့် ဆိုဘော့ဆလိုင်ကို လီဗာပူးအသင်းက ရာသီမကုန်မီ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုနိုင်ရန် ကြိုးပမ်းနေ

**လန်ဒန် ဖေဖော်ဝါရီ ၁၆**



လီဗာပူးအသင်းက အသင်းမှ အဓိက ကွင်းလယ်ကစားသမား ဆိုဘော့ဆလိုင်ကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့်အတွက် ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးမီ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုနိုင်ရန် ကြိုးပမ်းနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဆိုဘော့ဆလိုင်သည် ၂၀၂၃ ခုနှစ်က လိုက်ပ်ဇစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသထားသူဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်း လယ်ပိုင်းကို အပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး ခေါ်ယူမည့် ကစားသမားစာရင်းတွင်လည်း ဆိုဘော့ဆလိုင်ကို ထည့်သွင်းထားခြင်းဖြစ်သည်။

ဆိုဘော့ဆလိုင်သည် ရီးရဲလ်မက်ဒရစ်အသင်းကို ငယ်စဉ်ကတည်းက အားပေးခဲ့ခြင်းဖြစ်သည်ဟု အင်တာဗျူးအစီအစဉ်တွင် ပြောကြားခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အပြောင်းအရွှေ့သတင်းများ ပိုမိုထွက်ပေါ်လာခဲ့သည့်အတွက် လီဗာပူးအသင်းက အဓိကကစားသမားတစ်ဦးကိုလက်မလွှတ်လိုသဖြင့် ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးမီ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ပြင်သစ်လီဂူးပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို လိုင်ယွန်အသင်းမှ အန်းဒရစ် ဆွတ်ခူး



**ပဲရစ် ဖေဖော်ဝါရီ ၁၆**

ပြင်သစ်လီဂူးပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို လိုင်ယွန်အသင်း လူငယ်တိုက်စစ်မှူး အန်းဒရစ်က ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ အန်းဒရစ်သည် ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက ရီးရဲလ်မက်ဒရစ်အသင်းမှ လိုင်ယွန်အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးလတွင်ပင် ပြိုင်ပွဲ၏တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အန်းဒရစ်သည် လိုင်ယွန်အသင်းနှင့်အတူ ဇန်နဝါရီလအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပထမဆုံးပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၂ ရက်က လိုင်လီအသင်းနှင့်ပွဲစဉ်တွင် ခြေစွမ်းပြသခဲ့ကာ သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့သည်။

အလားတူ အန်းဒရစ်သည် ဘရက်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်၊ မက်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး သုံးဂိုးသွင်းယူခဲ့ပြီး ပြင်သစ်လီဂူးပြိုင်ပွဲ သုံးပွဲကစားခဲ့ရာ သွင်းဂိုးလေးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ပြိုင်ပွဲ၏တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပင်နယ်တီရရှိမှုအများဆုံး အသင်းအဖြစ် ရီးရဲလ်မက်ဒရစ်အသင်း ထိပ်ဆုံး၌ရပ်တည်နေ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၆**

ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ် ငါးခုတွင် ပင်နယ်တီရရှိမှုအများဆုံး ကလပ်အသင်းစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းက ထိပ်ဆုံး၌ ရပ်တည်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ပြီးခဲ့သည့် ဆိုစီဒက်အသင်းနှင့် ပွဲစဉ်တွင် ပင်နယ်တီနှစ်ကြိမ်ရရှိခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင် ပင်နယ်တီရရှိမှု ၁၃ ကြိမ်ထိရှိလာခဲ့ပြီးနောက် ဥရောပထိပ်တန်းလိဂ် ငါးခုဖြစ်သည့် ပရီးမီးယားလိဂ်၊ စပိန်လာလီဂါ၊ အီတလီစီးရီးအေ၊ ဂျာမန်ဘွန်ဒက်လီဂါ၊ ပြင်သစ်လီဂူးပြိုင်ပွဲတို့တွင် ပင်နယ်တီရရှိမှု အများဆုံး ကလပ်အသင်းအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ပင်နယ်တီရရှိမှု အများဆုံးကလပ်အသင်း ငါးသင်းစာရင်းတွင် အီတလီစီးရီးအေပြိုင်ပွဲမှ ကလပ်အသင်းတစ်သင်းမျှ ပါဝင်လာခြင်းမရှိခဲ့ဘဲ ပရီးမီးယားလိဂ်၊ စပိန်လာလီဂါ၊ ပြင်သစ်လီဂူး၊ ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲမှ ကလပ်အသင်းများသာ ပါဝင်လာခဲ့သည်။

ပင်နယ်တီရရှိမှု အများဆုံး ကလပ်အသင်း ငါးသင်းစာရင်း၌ ရီးရဲလ်မက်ဒရစ် အသင်းနောက်တွင် ဂျာမန်ဘွန်ဒက်လီဂါမှ ဘိုင်ယန်မြူးနစ် အသင်းက ကိုးကြိမ်၊ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ဘရန့်ဖို့ဒ်အသင်း၊ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲမှ မိန့်ဇ်အသင်း၊ ပြင်သစ်လီဂူးပြိုင်ပွဲမှ ဘရက်အသင်းတို့က ရှစ်ကြိမ်စီဖြင့် ရပ်တည်နေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# Dallas Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်အဆင့်(၂) တင်းနစ်ကစားသမား ရှယ်လ်တန် ဆွတ်ခူး

**ဒေါလက်စ် ဖေဖော်ဝါရီ ၁၆**



အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒေါလက်စ်မြို့တွင် ကျင်းပခဲ့သည့် Dallas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန် အဆင့်(၂)တင်းနစ်ကစားသမား ရှယ်လ်တန်နှင့် အမေရိကန်တင်းစနစ်ကစားသမားတစ်ဦးပင်ဖြစ်သည့် တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှယ်လ်တန်က (၃-၆၊ ၆-၃၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က ထိပ်တိုက်ယှဉ်ပြိုင်ဖူးသည့် ပြိုင်ပွဲဝင်နှစ်ဦး၏ တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့ပြီး ရှယ်လ်တန်က ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း နောက်မှလိုက်ကစားကာ ပွဲငယ်နှစ်ပွဲဆက်အနိုင်ရခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

အသက် ၂၃ နှစ်ရှိ ရှယ်လ်တန်နှင့် အသက် ၂၈ နှစ်ရှိ တေလာဖရစ်ဇ်တို့ကြား အတွေ့အကြုံပိုင်းအရ ကွာဟချက်ကြီးမားခဲ့သော်လည်း လူငယ်ကစားသမား ရှယ်လ်တန်က လျှင်မြန်မှုကို အားပြုကာ အနိုင်ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ရှယ်လ်တန်က "ဒီလိုအကြိတ်အနယ်ရှိတဲ့ ဗိုလ်လုပွဲစဉ်ရဲ့အစိတ်အပိုင်း တစ်ခုအနေနဲ့ ပါဝင်နိုင်ခဲ့တဲ့ တေလာဖရစ်ဇ်အတွက် ဂုဏ်ယူကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့လဲ တေလာဖရစ်ဇ်လို ကစားသမားမျိုးကိုအနိုင်ရပြီး ချန်ပီယံဖြစ်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်အတွက် တကယ့်ကို ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲပါ။ အထူးသဖြင့် ပထမပွဲငယ်မှာ ဘာအခွင့်အရေးမှကို မရခဲ့ဘူး။ ဒုတိယပွဲငယ်မှာတော့ အဆင်ပြေခဲ့ပါတယ်။ အဆုံးအဖြတ်ပွဲစဉ်မှာလည်း tie-break အဆင့်အထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

# တံကောက်ကြောဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့် ပက်ဒရီအနေဖြင့် လီဗန်တေးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်ဟု ဘာစီလိုနာအသင်းအတည်ပြု

**ဘာစီလိုနာ ဖေဖော်ဝါရီ ၁၆**

ဘာစီလိုနာအသင်းက အသင်းမှ အဓိက ကွင်းလယ်ကစားသမား ပက်ဒရီသည် တံကောက်ကြောဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် လာမည့် ဖေဖော်ဝါရီ ၂၂ ရက် လီဗန်တေးအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် ပါဝင်နိုင်မည်ဟု အတည်ပြုခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက်၂၃ နှစ်ရှိ ပက်ဒရီသည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၂ ရက်က ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ဆလားဗီးယားပရပ် အသင်းတို့ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီးနောက် အနားယူနေခဲ့ရသည့်အတွက် အသင်းနှင့် ပွဲစဉ်များကို လွဲချော်ခဲ့ရခြင်းဖြစ်သည်။

အစောပိုင်းက ပက်ဒရီအနေဖြင့် ဒဏ်ရာကြောင့် ယခုလကုန်ပိုင်းထိ အနားယူရမည်ဟု ခန့်မှန်းထားသော်လည်း ယခုအခါ ဒဏ်ရာမှာ စောလျင်စွာ ကောင်းမွန်လာခဲ့ပြီးနောက် လာမည့်ရက်သတ္တပတ်အတွင်း အသင်းနှင့် လေ့ကျင့်ခန်းများစတင်လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် လီဗန်တေးအသင်းနှင့်ပွဲစဉ်တွင် ကြံ့ခိုင်မှုအပြည့်ဖြင့် ပြန်လည် ပါဝင်ကစားနိုင်မည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။

ပက်ဒရီသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းကွင်းလယ်ပိုင်း၌ အဓိက ကစားသမားအဖြစ် ပါဝင်နေသူဖြစ်ပြီး ဘာစီလိုနာအသင်းအနေဖြင့် ၎င်းမပါဝင်နိုင်သည့် ပွဲစဉ်များတွင် အသင်းကွင်းလယ်ပိုင်းမှာ ရုန်းကန်နေရပြီး ယခုအခါ ပက်ဒရီဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့သည့်အတွက် ဘာစီလိုနာအသင်း ကွင်းလယ်ပိုင်းအတွက် ပြန်လည်အားကောင်းလာဖွယ် ရှိနေကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# အေဗီလာအသင်းမှ ရော်ဂျာကို လီဗာပူးအသင်းက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန် အေးဂျင့်နှင့်ဆွေးနွေးမှုများ လုပ်ဆောင်

**လန်ဒန် ဖေဖော်ဝါရီ ၁၆**

လီဗာပူးအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အေဗီလာအသင်းမှ ရော်ဂျာကိုခေါ်ယူရန် ၎င်း၏အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Goal.com သတင်းဝက်က်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရော်ဂျာသည် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက အေဗီလာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီးနောက် ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း အေဗီလာအသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့သည့်အတွက် အသင်းတွင်သာ ဆက်လက်ကစားခဲ့ရခြင်း ဖြစ်သည်။

ရော်ဂျာကိုယ်တိုင်က လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် အေးဂျင့်ဖြစ်သူထံ အသိပေးထားပြီး အသင်းသစ်ရှာဖွေရန်အတွက်လည်း တာဝန်ပေးအပ်ထားသည့်အတွက် လီဗာပူးအသင်းက ခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

လီဗာပူးအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းတိုက်စစ်ပိုင်းမှ ဆာလာဟ်ကို လက်လွှတ်ရနိုင်သည့် အခြေအနေများကြောင့် ရော်ဂျာနှင့် ပြန်လည် အစားထိုးလိုနေခြင်းဖြစ်ပြီး ကစားသမားကိုယ်တိုင်ကလည်း လီဗာပူးအသင်းက ကမ်းလှမ်းမည်ဆိုပါက ပြောင်းရွှေ့လိုနေသည့်အတွက် အေဗီလာအသင်းအနေဖြင့် လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ရော်ဂျာကို လီဗာပူးအသင်းထံ လက်လွှတ်ရဖွယ်ရှိနေသည်။

ရော်ဂျာသည် ယခုနှစ်ဘောလုံးရာသီတွင် အေဗီလာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှုခုနစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# ဗလငါးတန်ပြည့်စုံသောလူငယ်များနှင့် အနာဂတ်ငြိမ်းချမ်းရေး

မောင်သောင်းဝင်း(တမန်ဟောင်း)

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသောစကားအတိုင်း လူငယ်လူရွယ်များ တိုင်းပြည်အနာဂတ်ကို ကောင်းမွန်စွာတည်ဆောက်နိုင်မည့် ခေါင်းဆောင်များဖြစ်လာအောင် ပျိုးထောင်ပေးရန်လိုအပ်သည်။ ယနေ့လူငယ်များသည် အနာဂတ်တွင်ခေါင်းဆောင်များ ဖြစ်လာကြမည်ဖြစ်သဖြင့် ဗလငါးတန်ပြည့်စုံစေရန် အထူးလိုအပ်သည်။ အနာဂတ် လူ့ဘောင်လောကကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြမည့်လူငယ်များအနေဖြင့် ဗလငါးတန်ပြည့်စုံနေအောင် ကြိုးပမ်းအားထုတ်သွားရန်လိုအပ်သည်။

**ဗလငါးတန်ပြည့်စုံရန်လို**

ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် အမွန်မြတ်ဆုံးဖြစ်သည်။ စာရိတ္တဗလကြံ့ခိုင်နေမှသာလျှင် အခြားသော ဗလစွမ်းအားများသည် နိုင်ငံတော်ကို အကျိုးပြုနိုင်မည်ဖြစ်သည်။ စာရိတ္တဗလ ယိမ်းယိုင်နေမည်ဆိုလျှင် ကျန်ဗလလေးတန်၏ ခွန်အားတို့သည် အဖျက်လုပ်ငန်းများဆီသို့ ဦးတည်သွားနိုင်သည်။ စာရိတ္တဗလသည် လူကောင်းသူကောင်းဖြစ်စေသည်။ လူတော်သော်လည်း စာရိတ္တဗလ၌ချို့ယွင်းနေမည်ဆိုလျှင် လောကကို ကောင်းကျိုးပြုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် လူတော်၊ လူကောင်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။

လူငယ်များသည် အတတ်ပညာများကို လေ့လာဆည်းပူးရင်း ဗလငါးတန်ပြည့်စုံအောင် ကြိုးပမ်းအားထုတ်သွားရန်လိုအပ်သည်။ အတတ်ပညာသည် လူတော်ဖြစ်စေပြီး အသိပညာသည် လူကောင်းဖြစ်စေသည်။ အသိပညာ၊ အတတ်ပညာရှိရန်အတွက် အတန်းပညာ အခြေခံရှိရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကျောင်းနေအရွယ် လူငယ်များအားလုံး ကျောင်းနေစေရေးနှင့် အတန်းပညာပြီးမြောက်စေရေးအတွက် ပညာရေးကဏ္ဍ မြှင့်တင်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများကလည်း ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။

**စာအုပ်စာပေများဖတ်ရှုရန်လို**

မျိုးဆက်သစ်လူငယ်များ အတန်းပညာမရှိလျှင် အတတ်ပညာမရှိနိုင်သည့်အတွက် လူသားအရင်းအမြစ်များလည်း နည်းပါးနေမည်ဖြစ်သည်။ ထို့ပြင် အသိပညာ အားနည်းနေမည်ဆိုလျှင်လည်း လူကောင်းများနည်းပါးလာပြီး တိုင်းပြည်ညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်ခိုင်မာအားကောင်းလာစေရန်အတွက် အသိပညာရှိသည့် လူငယ်လူရွယ်များ များပြားလာရန်လိုအပ်သည်။ အထူးသဖြင့် လူငယ်များအနေဖြင့် အသိပညာများ တိုးပွားလာစေရေး စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လိုအပ်သည်။

အမှန်တော့ အသိပညာ၊ အတတ်ပညာ မြင့်မားလာစေရေးအတွက် အခြေခံပညာတတ်မြောက်သည့် ရာခိုင်နှုန်းမြင့်မားလာစေရေးသည် နိုင်ငံတော်အတွက် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည်။ အထူးသဖြင့် ပြည်နယ်များနှင့် ဝေးလံခေါင်းပါးသည့် နယ်မြေဒေသတချို့တွင် ပညာရေးအားနည်းလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် အတန်းပညာမရှိသည့်အတွက် လူသားအရင်းအမြစ်များ နည်းပါးနေသကဲ့သို့ အသိပညာမရှိသဖြင့် စာရိတ္တမဏ္ဍိုင်လည်း ချို့ယွင်းအားနည်းနေမည်ဖြစ်သည်။

ထို့ကြောင့် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများပါမကျန် စာကြည့်တိုက်များ ဖွင့်လှစ်ရေး၊ စာပေဖတ်ရှုသည့် အလေ့အထကောင်းများထွန်းကားလာရေးကို လက်ရှိအခြေအနေထက် ပိုမိုအလေးထားဆောင်ရွက်သွားရန်လိုအပ်သည်။ ဆိုရလျှင် အနာဂတ်နိုင်ငံတော်ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာများ ပြည့်စုံကြွယ်ဝသည့် လူငယ်လူရွယ်များ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်သွားရန်လိုအပ်သည်။

**အဖိုးတန်အင်အား**

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိသည့်အနက် သုံးပုံတစ်ပုံကျော်သည် လူငယ်များဖြစ်သည်။ မြန်မာနိုင်ငံတွင် လူငယ်ဆိုသည်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ နိုင်ငံသားများကို ဆိုလိုခြင်းဖြစ်သည်။ ဤမျှများပြားသည့် အားသစ်မာန်သစ်နှင့် တက်ကြွသည့် လူငယ်အင်အားများသည်နိုင်ငံအတွက် အဖိုးတန်အင်အားများပင်ဖြစ်သည်။ နိုင်ငံ၏ အနာဂတ်အကောင်းအဆိုးသည်လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်များအပေါ်တွင် မူတည်သည်။

လက်ရှိအချိန်တွင် ပြည်ထောင်စုကြီးအတွင်း သမိုင်းဝင် အကူးအပြောင်းကာလတစ်ခုကို ရောက်ရှိလာပြီဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ လာမည့် မတ်လတွင် လွှတ်တော်များ ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ထို့နောက် ဧပြီလတွင် ပြည်သူကရွေးကောက်တင်မြှောက်သည့် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာခြင်းနှင့်အတူ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် သမိုင်းစာမျက်နှာသစ်တစ်ရပ်ကို ရေးထိုးသွားတော့မည်ဖြစ်သည်။

**❖ ငြိမ်းချမ်းရေးသည် တိုင်းပြည်အနာဂတ်ဖြစ်သည့်အပြင် အနာဂတ်ကိုပိုင်စိုးသည့် လူငယ်များအတွက်လည်း များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် စွမ်းရည်မြင့်မား၍ ထက်မြက်တက်ကြွသော လူငယ်အင်အားစုကြီးသည် ငြိမ်းချမ်းသည့်နိုင်ငံ၊ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ဆိုရလျှင် မျိုးဆက်သစ် လူငယ်လူရွယ်အားလုံးသည် ငြိမ်းချမ်းရေးကိုလိုလားပြီး တန်ဖိုးထားမည်ဆိုလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး သာယာဝပြောလာမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပေသည်။ ❖**

ပြည်သူတစ်ရပ်လုံးအနေဖြင့် သမိုင်းစာမျက်နှာသစ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အားထုတ်ကြိုးပမ်း ဆောင်ရွက်ခြင်းနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်သွားရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံရှိသောလူငယ်များသည်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

**ဗလငါးတန်ပြည့်စုံသောလူငယ်များနှင့် အနာဂတ်ငြိမ်းချမ်းရေး**

မဝေးတော့သည့် အနာဂတ်ကာလ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုကို မြှင့်တင်ပေးရန် အလို့ငှာ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်ထိ ကျင်းပနိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ လူငယ်များကို ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် စုပေါင်းပါဝင်လာရေးနှင့် စွမ်းရည်ပြည့်ဝသောခေါင်းဆောင်များဖြစ်ပေါ်လာရန်အတွက် လူငယ်များကိုငြိမ်းချမ်းရေးအသိမြှင့်တင်ပေးနိုင်ရန်ဟူသော လူငယ်ငြိမ်းချမ်းရေးဖိုရမ်၏ ဦးတည်ချက်လည်း အောင်မြင်ခဲ့သည်။

လူငယ်လူရွယ်များအနေဖြင့် ပညာတတ်မြောက်ရေးအပြင် ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်လာကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ လက်ရှိကာလ၌ လူငယ်လူရွယ်များအပေါ်တွင် အတိမ်းအစောင်းဖြစ်စေနိုင်သော၊ ထိလွယ်ရှလွယ်သော အခြေအနေများကို ရှောင်ရှားနိုင်ရန်အတွက် လူငယ်လူရွယ်များကို လမ်းမှန်တည့်မတ်ရေးသည် အရေးအကြီးဆုံးအခြေအနေဖြစ်သည်။

အထူးသဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်သော ငြိမ်းချမ်းရေးတွင် လူငယ်များ၏ အမြင်များကိုမျှဝေရန်၊ အပြန်အလှန်ယုံကြည်မှုများ ခိုင်မြဲစေရန်နှင့် လူမှုသဟဇာတမြှင့်တင်ရန်တို့ကို ဖော်ဆောင်နေပြီဖြစ်သည်။ ငြိမ်းချမ်းရေးနှင့်လူငယ်ကဏ္ဍသည် အပြန်အလှန်ဆက်စပ်လျက်ရှိရာ လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်စေရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းသည့်လူ့ဘောင်အဖွဲ့အစည်း ခိုင်ခိုင်မာမာဖြစ်ပေါ်လာမှသာ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုလည်း လိုက်ပါဖြစ်ထွန်းလာမည်ဖြစ်သည်။

ငြိမ်းချမ်းရေးသည် တိုင်းပြည်အနာဂတ်ဖြစ်သည့်အပြင် အနာဂတ်ကိုပိုင်စိုးသည့် လူငယ်များအတွက်လည်း များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် စွမ်းရည်မြင့်မား၍ ထက်မြက်တက်ကြွသောလူငယ်အင်အားစုကြီးသည် ငြိမ်းချမ်းသည့်နိုင်ငံ၊ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ဆိုရလျှင် မျိုးဆက်သစ် လူငယ်လူရွယ်အားလုံးသည် ငြိမ်းချမ်းရေးကိုလိုလားပြီး တန်ဖိုးထားမည်ဆိုလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး သာယာဝပြောလာမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်ပေသည်။

စင်စစ်အားဖြင့် လူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ဖန်တီးပုံဖော်ကြမည့်သူများဖြစ်ရာ လူငယ်တစ်ဦးချင်းစီတိုင်းသည် အနာဂတ်နိုင်ငံတော်အတွက် အရေးပါလျက်ရှိသည်။ လူငယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်တို့ မြင့်မားသည်နှင့်အမျှ ဆင်ခြင်တုံတရားပြည့်ဝပြီး မှန်ကန်စွာတွေးခေါ်မြော်မြင်နိုင်သည်နှင့်အမျှ နိုင်ငံနှင့်လူ့အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များ၏ မှန်ကန်သည့်အတွေးအမြင်များသည် နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေး ရရှိနိုင်စေရန် တစ်စိတ်တစ်ဒေသပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ငပုတော ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧက လျာထားစိုက်ပျိုးခဲ့ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံစုံ ၃၈၆၁ ဧကတွင် မြေပဲ ၃၆၄၈ ဧက၊ နှမ်း ၁၁၉ ဧက၊ နေကြာ ၉၄ ဧကတို့ဖြစ်သည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧကထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဆီထွက်သီးနှံတွေ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ လျာထားဧကအတိုင်းပြည့်မီဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနဲ့ ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ဆီထွက်သီးနှံစုံ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဆီထွက်သီးနှံစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်၏ ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



ယခင်နှစ်က ရွှေတိဂုံစေတီတော်၏ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်၏ ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ မတ် ၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးငွေးလှိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ရွှေတိဂုံစေတီတော်၏ ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ကာလအတွင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှကြီးမှူး၍ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာဖြင့် ပူဇော်ခြင်းအစဉ်အလာကို စီစဉ်ဆောင်ရွက်မည်ဖြစ်ကာ ရဟန်း ရှင်လူ ပြည်သူများ စုပေါင်းပါဝင်လှူဒါန်းသော အလှူတော်အနေဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကျင်းပမဲ့ ရွှေတိဂုံစေတီတော်ရဲ့ ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်မှာ အသံမစဲ မဟာပဋ္ဌာန်းပွဲကိုလဲ ထည့်သွင်းကျင်းပမှာဖြစ်ပါတယ်။ ဒါ့ပြင် နှစ်ကျိပ်ရှစ်ဆူဘုရားတွေကို လှည့်လည်အပူဇော်ခံတာ၊ ဩဝါဒါစရိယ ဆရာတော်ကြီးတွေ အပါအဝင် ပင့်သံဃာအပါး ၁၀၀ ကျော်ကို ဆွမ်းဆန်စိမ်း လောင်းလှူတာတွေလဲ စီစဉ်ဆောင်ရွက်မှာပါ"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးငွေးလှိုင်က ပြောပြသည်။

ရွှေတိဂုံစေတီတော်၏ ၂၆၁၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများကို စေတီတော်ပတ်လည် လှည့်လည်အပူဇော်ခံခြင်း၊ ဒဂုံမြို့နယ်နှင့် ဗဟန်းမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်အပါး ၁၂၀ တို့က နာရီပေါင်း ၂၁၆နာရီတိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကာ မတ် ၂ရက်တွင် ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ASH

# ရုပ်သေးရုပ် ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

INDRA Film Production က ရိုက်ကူးထုတ်လုပ်သည့် ရုပ်သေးရုပ် ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က ပြောပြ၍ သိရသည်။

ရုပ်သေးရုပ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရေးသားထားပြီး အောင်ကြီးက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ကပင် တာဝန်ယူပုံဖော်ဖန်တီး ရိုက်ကူးထားကြောင်း သိရသည်။

"အချစ်တစ်ခုအစပြုလို့ ဖြစ်လာခဲ့ကြတဲ့ အငြိုးအတေး အာဃာတတွေ အမုန်းတရားတွေ နတ်ဆိုးငါးကောင်ရဲ့ ရက်စက်ကြောင့် လက်စားချေမှုတွေ ကြမ်းကြုတ်မှုတွေကြောင့် ဖြစ်




လာရတဲ့ မကျွတ်မလွတ် ဝိညာဉ်နှစ်ကောင်နဲ့ ရုပ်သေးရုပ်နှစ်ရုပ် ဘယ်လိုတွေ ပတ်သက်ဆက်နွယ်နေမလဲဆိုတာ ဒီဇာတ်ကားမှာ မြင်ရမှာပါ"ဟု ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ပြောပြသည်။

ရုပ်သေးရုပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ မင်းဦး၊ နေမျိုးအောင်၊ ချမ်းသာကြည်စိုး၊ သူထူးစံ၊ ထွန်းထွန်း (Examplez)၊ နေရဲ၊ သုတအောင်၊ ဘရန်၊ ထက်လူ၊ မျိုးစန္ဒီကျော်၊ နော်ဖေဗအယ်ထား၊ အိမ့်ချစ်ချစ်၊ အေးသန္တာဗို၊ ထူးဝင့်သန္တာ၊ သွန်းဟံသာ၊ ပိုးဝါလေးနှင့် အခြားအနုပညာရှင်များအပြင် 3H Art Academy မှ သင်တန်းသားများ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Masque of the Red Death ဇာတ်ကား၌ မင်းသား ဖရန့်ရိုဂိုစကီး၊ ဘင်နီဒစ်ဝေါင်းတို့လည်း ပါဝင်လာ

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

A 24 ရုပ်ရှင်၏ The Masque of the Red Death ဇာတ်ကား၌ မင်းသား ဖရန့်ရိုဂိုစကီးနှင့် ဘင်နီဒစ်ဝေါင်းတို့လည်း ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ အမျိုးသားသရုပ်ဆောင်နှစ်ဦးတို့သည် The Masque of the Red Death ဇာတ်ကား၌ မင်းသမီး မစ်ကီမက်ဒီဆင်နှင့် လီယာဆေးဒွေါတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Masque of the Red Death ဇာတ်ကားသည် အမေရိကန်စာရေးဆရာကြီး အဂ္ဂါအယ်လန်ပိုး၏ ခေါင်းစဉ်အမည်တူ လျှို့ဝှက်သည်းဖိုဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Masque of the Red Death ဇာတ်ကားကို ဒါရိုက်တာ ချာလီပိုလင်ဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကား၏ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ချာလီပိုလင်ဂျာကပင် တာဝန်ယူရေးသားပေးထားသည်။

လက်ရှိတွင် The Masque of the Red Death ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို A 24 ရုပ်ရှင်က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# Death of a Salesman ဇာတ်ကား၌ ကိုရေးဟော်ကင်း၊ ကယ်ဗင်ဟာရီဆင်တို့ပါဝင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

Focus Features ရုပ်ရှင်၏ Death of a Salesman အမည်ရှိ ဇာတ်ကား၌ မင်းသား ကိုရေးဟော်ကင်း၊ ကယ်ဗင်ဟာရီဆင်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် အဆိုပါရုပ်ရှင်ဇာတ်ကား၌ ပါဝင်ရေးအတွက် ကိုရေးဟော်ကင်းနှင့် ကယ်ဗင်ဟာရီဆင်တို့မှာ Focus Features ကုမ္ပဏီနှင့် ဆွေးနွေးနေသည်။

အပြီးသတ် သဘောတူညီချက်ရခဲ့ပါက အဆိုပါအမျိုးသား သရုပ်ဆောင်နှစ်ဦးသည် Death of a Salesman ဇာတ်ကား၌ မင်းသား ဂျက်ဖရီရိုက်၊ မင်းသမီး အော့တာဗီးယားစပန်ဆာတို့နှင့်အတူသရုပ်ဆောင်မည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ချင်နိုယီချောက်ဝူက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Death of a Salesman ဇာတ်ကားသည် စာရေးဆရာ တိုနီကပ်နာအာသာမီလာ၏ ခေါင်းစဉ် အမည်တူပြဇာတ်ကို ပြန်လည်ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**





# An Innocent Girl ဇာတ်ကား၌ မင်းသား ကိုးမန်းဒိုမင်ဂို ပါဝင်မည်ဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ An Innocent Girl အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသား ကိုးမန်းဒိုမင်ဂို ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

An Innocent Girl ဇာတ်ကားတွင် မင်းသား ကိုးမန်းဒိုမင်ဂိုသည် မင်းသမီး ကယ်ရီဝါရှင်တန်၊ မင်းသား ဂျိမ်းမာ့စဒန်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်ပြီး အန္တရာယ်များသည့် ကမ္ဘာ့သစ်တစ်ခုထဲသို့ ဆွဲသွင်းခံရသော အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

An Innocent Girl ဇာတ်ကားကို ဒါရိုက်တာ ဂျူမီကောလက်ဆာရာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်မိုဟန်နှင့် မာ့ဂူဂျန်ဟိမ်းတို့က တာဝန်ယူရေးသားပေးထားကာ မင်းသား ဇာတ်ကား၌ ကိုးမန်းဒိုမင်ဂို သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Netflix ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing meets departmental officials, town elders in Lahe and Leshi of Naga Self-Adminstered Zone to talk about regional development initiatives

# It is necessary to move forward in unity with a strong spirit of the Union in pursuing the path to democracy



Senior General Min Aung Hlaing meets departmental officials, and town elders in Lahe.

**Nay Pyi Taw February 16**

Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing this afternoon met departmental officials and town elders at relevant halls in Lahe and Leshi of Naga Self-Administered Zone in Sagaing Region separately to discuss regional development undertakings.

On their arrivals in Lahe and Leshi, the Senior General, his wife and party were warmly welcomed by residents.

The Senior General separately held meetings at relevant halls to talk about regional development measures.

Also present at the meetings weere Daw Kyu Kyu Hla, the wife of the Senior General, Commission Secretary General Ye Win Oo and his wife, Union ministers, Sagaing Region Chief Minister U Myat Kyaw, senior military officers from the Office of the Commander-in-Chief and their wives, the commander of North-West Command, deputy ministers, departmental officials, town elders, traditional ethnic literature and cultural troupes and local ethnic people.

**Discussions on regional data and needs for regional development**

Chairman of Naga Self-Administered Zone Leading Body U Tun Tun Win and Chairman of Leshi Township Management and Administration Committee U Win Maung reported on regional data, efforts to ensure peace and stability of the region, successful holding of the multiparty democratic general election, land utilization and average rainfalls in Naga region, progress of production in relevant sectors, cultivation of seasonal crops, local food security, farming of livestock breeding, disbursemetn of loans from the State economic promotion fund, enhancement of education and health sectors, production and sale of traditional textile and foodstuffs under the One Region One Product scheme, needs to upgrade the departmental establishments at Naga region, the wish to build a city hall in the administered zone, a request to form a disaster management centre, fulfillment for better telecommunications, border trade measures, sufficient supply of electricity in the urban area and rural area of Leshi, needs to build an advanced water tank and modern machinery for supply of water to Matugi hydropower plant, cooperation of residents with local authorities in ensuring peace and stability of Naga region, thanks of residents for opening Chindwin Bridge (Htamanthi), and improvement for the Htamanthi-Leshi-Summara route to be used in all seasons.

**Discussions of the regional Chief Minister, Union ministers and deputy ministers**

The regional Chief Minister, Union ministers and deputy ministers explained fulfillment for smooth communication in Lahe region, granting students from Naga region to attend the Agriculture and Livestock Institute (Homalin) for development of agriculture and livestock farms as a special issue, reclamation of the highland farmlands, opening of the industrial, agricultural and livestock basic education high schools in Naga region, a plan to build a multi-purpose hall depending on the land plot, implementation of transport projects in financial years, construction of the traditional grounds, and arrangements to extand departmental establishments.



Senior General Min Aung Hlaing presents gifts for departmental officials.

**Discussions on regional development**

Next, the Senior General delivered a speech, saying that he had come in order to carry out necessary measures for the development and progress of the Naga region. Arrangements would continue to be made to construct a festival ground and a multi-purpose hall in Lahe for the holding of traditional festivals. Priority would be given to improving transportation links within the Naga region, particularly the roads connecting the area to mainland regions. In efforts to facilitate smoother transportation, he announced that the Chindwin Bridge (Htamanthi) had been successfully opened today.

As the Naga region is difficult to access, road upgrading projects are being implemented year by year to improve transportation. Similarly, efforts are underway to ensure that the road linking the Lahe and Nanyun areas can be used throughout all seasons. Attempts are also being made to enable smooth and convenient travel on roads connecting the region to the mainland. Due to transportation difficulties, there have been challenges in transporting materials needed for regional development projects. Therefore, continued efforts will be made to ensure secure and smooth transportation within the region.

Regarding the doctor requirements for Lahe Township Hospital, he stated that since 2012, military specialists have been dispatched to the Naga region due to the shortage of doctors. He added that if there are further needs, they will continue to send more personnel. He noted that as there must be doctors if there is a hospital, doctors will be appointed. Furthermore, he mentioned that medical equipment required for the hospital will also be fulfilled as much as possible.

Regarding the shortage of teachers for schools, he noted that there is a greater need for middle school teachers and stated that measures will be taken to provide them. He urged the encouragement of education within the Naga region to ensure an abundance of educated individuals. According to statistics, he observed that grade transition rates are low.

*See Page 13*




Senior General Min Aung Hlaing presents gifts for local people.

*From Page 12*

He also noted that language barriers are being encountered in learning; therefore, he requested parents and responsible officials to work together to ensure children become proficient in Myanmar, the official language of the country, as this will support their education. Similarly, he observed that some school-aged children are missing out on their education due to various reasons. Thus, he urged administrative organizations to collectively encourage and ensure that all school-aged children can pursue their academic studies.

He stated that technical, agricultural, and livestock farming high schools are being opened in the Naga region to ensure an abundance of human resources for production industries. He noted that by doing so, the agricultural and livestock professionals needed for the region can be produced. He urged parents to help their children become educated human resources and work toward the improvement of their future lives. Furthermore, he mentioned that after completing studies at the technical, agricultural, and livestock farming high schools, students can continue their education at the Institute of Agriculture and Livestock in Homalin to obtain diplomas. Therefore, the state will provide as much support as possible to ensure that all attending students can complete their education.

He stated that the Leshi and Lahe regions are found to be lacking in food self-sufficiency. As regional food security is a critical requirement, he noted that upland farms will be compulsorily developed, and arrangements will be made to ensure sufficient water supplies for agricultural activities. He mentioned his understanding that Konjac (Elephant Foot Yam) cultivation is successful in the Lahe region. Since Konjac can be processed into Konjac rice, he emphasized the need for research to expand its cultivation and stated that the state will provide support. Similarly, he noted the need to expand the cultivation of maize and potatoes. Furthermore, he highlighted that locally produced tea, plum, coffee, orange, and avocado are perennial crops that can generate income for the region and thus emphasized the need to increase their cultivation and production.

Expanding the breeding of mithun, chickens and pigs that support the food supply will significantly strengthen local food security. By carrying out MSME manufacturing activities using agricultural and livestock products produced in the region, regional income can be increased. Rather than exporting locally available bamboo and rattan as raw materials, value-added products such as bamboo pulp and rattan goods can be produced for local markets with state support. Increasing regional income will greatly contribute to regional development; therefore, agriculture, livestock and manufacturing sectors must be further improved. To achieve this, the region needs educated human resources, and education should be actively encouraged. With a greater number of educated people, both individual prospects and the region's future can be enhanced.

**In advancing along the path of democracy, we must move forward together in unity and solidarity**

In the political sphere, we are advancing on the path of a multiparty democracy desired by the people, and a multiparty democratic general election has recently been successfully held. Although the elected government may change every five years, civil servants will continue to carry out their responsibilities. The Tatmadaw has also consistently served the interests of the State regardless of which government is in power. Owing to voter irregularities that occurred in the 2020 multiparty democratic general election, the Tatmadaw assumed state responsibilities in accordance with the 2008 Constitution. These duties have been undertaken with a view to ensuring the long-term stability and development of the Union.

The Senior General said that local residents should genuinely strive for the region's development, as well as for peace, stability and socio-economic progress. As people born and raised in this land, everyone should work together for the benefit of both the region and the State. He added that, in advancing along the path of democracy, it is essential for all to move forward together in unity, and therefore all should foster a strong union spirit and work collectively to achieve the best for the country.

Afterwards, the Senior General presented gifts to departmental officials from Lahe Township and Leshi Township. In return, the Chairman of the Naga Self-Administered Zone Leading Body, the Chairman of the Naga Traditional Literature and Culture Central Committee and responsible officials presented Naga traditional headgears, shawls and other traditional gifts to the Senior General.

Then, the Senior General cordially greeted the departmental officials, township elders and local ethnic people in attendance at the meeting.

100

# Wakema Township meets target acreage of chilli this year

**Wakema February 16**

According to Myaungmya District Agriculture Department, local farmers have planted all sown acreage of chilli in Wakema Township of Ayeyawady Region.

During this year's winter crop planting season, farmers in Wakema Township allocated 7,193 acres for chili cultivation. Planting began in the first week of October 2025, and as of today, all 7,193 acres have been fully planted. To ensure the crops are planted according to plan, the Department of Agriculture has been actively providing farmers with guidance and technical support.

"In Wakema Township, during this winter crop season, chili was planted on a total of 7,193 acres, and currently, all of it has been fully planted. This season, farmers selected and planted chili varieties with good yield and quality. To ensure all winter crops, including chili, are planted according to the planned allocation, the Department of Agriculture and related agencies have been working closely together," said Daw Khin Htay Myint, Head of the Maungmya District Agriculture Department.

Local farmers across 18 villages in Wakema Township have planted the majority of the chili crops. These farmers, in collaboration with the Department of Agriculture, have also carried out additional planting during both the winter and summer seasons to ensure consistent yields, prevent pest infestations, and maintain both high productivity and quality of this year's chili harvest. Kyaw Kyaw Lin



A chilli plantation.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing attends inauguration ceremony of Chindwin River Bridge (Htamanthi)



Senior General Min Aung Hlaing and Daw Kyu Kyu Hla being welcomed by officials, students, ethnic traditional cultural dance troupes, band troupes and local people at the inauguration ceremony of the Chindwin River Bridge (Htamanthi).

**Nay Pyi Taw February 16**

The inauguration ceremony of the Chindwin River Bridge (Htamanthi) took place at the bridge located near Htamanthivillage in Homalin Township, Sagaing Region this morning, graced by Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing.

Also present at the ceremony together with the Senior General were his wife, Daw Kyu Kyu Hla, SSPC Secretary General Ye Win Oo and wife, Union Ministers, Sagaing Region Chief Minister U Myat Kyaw, senior military officers from the Office of the Commander-in-Chief and wives, the North-West Command commander, deputy ministers, departmental officials and local people.

On arrival at the venue, the Senior General and wife and party were warmly welcomed by officials, students, ethnic traditional cultural dance troupes, band troupes and local people.

At the auspicious time, General Ye Win Oo, union ministers, U Mya Tun Oo, U Min Naung and U Myo Thant, and the chief minister formally opened the bridge.

The Senior General unveiled the plaque of the bridge by pushing a button and sprinkled scented water on the plaque. The SSPC Secretary and attendees then sprinkled scented water on it.

The Senior General accepted a commemorative gift of the bridge opening ceremony presented by the Union Minister for Construction in his honour. The Senior General then presented honorary cash awards to students and ethnic dance troupes.

The Senior General and party posed for documentary photos in commemoration of the bridge opening ceremony.

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and party strolled on the bridge and cordially greeted local people.

The Senior General also cordially conversed with local people, who attended the ceremony, and inquired about their socioeconomic condition.

The Chindwin River Bridge (Htamanthi) is a reinforced concrete facility that is 2,628 feet long and has a vertical clearance of 40 feet. The bridge will be very supportive of the socioeconomic life, area development, transportation facilitation for both passengers and goods, and progress of health, education and economic sectors of the people of Homalin District and Naga Self-Administered Zone. 100



Senior General Min Aung Hlaing sprinkles scented water on the plaque of the Chindwin River Bridge (Htamanthi).

## Top DPRK leader inaugurates new housing area for families of fallen troops in overseas operations

**Pyongyang February 16**

The top leader of the Democratic People's Republic of Korea (DPRK) attended an inauguration ceremony for a new housing area here on Sunday for the families of troops who died in overseas military operations, the official Korean Central News Agency (KCNA) reported Monday.

Kim Jong Un, general secretary of the Workers' Party of Korea and president of the State Affairs of the DPRK, used the occasion to salute all the officers and soldiers of the overseas operations units, the KCNA said.

The construction of the new housing district, located in Hwasong area of the capital city, was initiated and guided by Kim. The DPRK leader named the housing area Saeppyol Street, meaning "new star," to commemorate "the shining star-like feats of the heroes" who sacrificed their lives during the overseas military operations, the KCNA said.

In a speech during the event, Kim called the street "a byword for the glorious life of the combatants," the report said.

After a tape-cutting ceremony marking the completion of the housing project, the DPRK leader, along with other senior officials, presented the bereaved families with licenses for the use of the flats, said the report.

Kim also met bereaved family members and visited some of their new houses while urging officials "to thoroughly implement the measure taken to afford preference and privileges to the families of the martyrs," the report added.

Xinhua

## Iran's IRGC launches "combined, targeted" drill in Strait of Hormuz

**Tehran February 16**

Iran's Islamic Revolution Guards Corps (IRGC) has launched the main stage of a "combined, intense and targeted" military exercise in the Strait of Hormuz.

The drill, dubbed the "Smart Control of the Strait of Hormuz," involves the IRGC's naval forces and is being conducted under the supervision, control and field monitoring of IRGC's Chief Commander Mohammad Pakpour, read a statement published Monday on the IRGC's official news outlet Sepah News.


Among the main objectives of the drill are assessing the readiness of the IRGC Navy's operational units, reviewing and practicing the IRGC's security plans and scenarios of military counteractions in the face of potential security and military threats in the Strait of Hormuz, and intelligently exploiting Iran's geopolitical advantages in the Persian Gulf and Sea of Oman, the statement said.

"The intelligence and operational exercises of the units involved in the drill center on the rapid, decisive, and comprehensive response of the IRGC's operational forces to anti-security plots in the maritime arena," it added.

The development comes amid simmering tensions between Iran and the United States, as well as a U.S. military buildup in the West Asia region, despite that delegations from Tehran and Washington are scheduled to hold a second round of indirect nuclear talks in Geneva on Tuesday.

Xinhua

# Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing inspects implementation progress of Hwe Htaik Hydropower Project in Lahe, Naga Self-Administered Zone, and donates offerings to Theravada Buddhist missionary schools



Senior General Min Aung Hlaing hears reports on the progress of the Hwe Htaik Hydropower Project's implementation.

**Nay Pyi Taw February 16**

Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing, accompanied by responsible officials, inspected the implementation progress of the Hwe Htaik Hydropower Project in Lahe, Naga Self-Administered Zone, Sagaing Region, this afternoon.

First, at the project briefing hall, an official explained the progress of the Hwe Htaik Hydropower Project's implementation by fiscal year and the project completion status. The Senior General then gave guidance, instructing that necessary construction work be carried out before the rainy season arrives, that the transmission lines be planned and prepared in advance, and that measures for power distribution be drafted beforehand. He emphasized the need to complete the foundational work before the rainy season, as the area experiences severe weather conditions. He stated that this project would greatly benefit the region's socio-economic development, so it must be implemented systematically, and provided other necessary directives.

Subsequently, the Senior General inspected a model of the Hwe Htaik Hydropower Plant and the construction progress of the power plant itself, issuing further instructions based on reports from responsible officials.

The Hwe Htaik Hydropower Project, being constructed on the Hwe Htaik Stream in Lahe Township, Naga Self-Administered Zone, Sagaing Region, began in 2023. The project involves building a hydropower plant with an installed capacity of 4 megawatts, capable of generating 20.381 million kilowatt-hours of electricity annually. Upon completion, the project will provide electricity to Lahe town, 12 surrounding villages, and 1,718 households.

Afterwards, the Senior General, accompanied by members of the entourage, arrived at the Theravada Buddhist Missionary (Central) Monastery in Lahe. He paid homage to the presiding monk, the Venerable Maha Saddhamma Jotikadhaja Sasanadhaja Dhammacariya Bhaddanta Sumana, the head of the Naga Hills Missionary Center, and donated cash, rice, cooking oil, salt, and other offerings.

Following this, the Senior General discussed matters related to the propagation and promotion of the Sasana with the Sayadaw. He instructed responsible officials to take necessary action regarding the Sayadaw's requests.

Subsequently, the Senior General warmly met with students from local schools in Lahe and encouraged them to diligently pursue their education.

Daw Kyu Kyu Hla, wife of the Senior General accompanying him on the trip, along with the wife of the Commission Secretary and members, visited the Theravada Buddhist Missionary Nunnery in Lahe. They paid homage to the chief nuns and donated offerings, also attending to necessary matters based on the nuns' requests.

100

# Kalay District cultivates more than 2,000 acres of kidney bean

**Kalay February 16**

Local farmers have planted more than 2,000 acres of kidney bean as cold season crop in Kalay District of Sagaing Region, according to the Kalay District Agriculture Department.

During the 2025-2026 winter cropping season, Kalay District has planned to cultivate 4,078 acres of kidney bean. Cultivation began in October 2025, and as of now, a total of 2,853 acres have already been planted, including 2,255 acres in Kalay Township, 149 acres in Kalewa Township, and 449 acres in Mingin Township, according to reports.

"In the winter cropping season in Kalay District, more than 4,000 acres of kidney bean have been targeted for cultivation. To date, over 2,000 acres have already been planted. We are continuing efforts to ensure that the planned acreage target is fully met. To improve the yield and quality of pulse crops, we are working together with farmers to provide high-quality seed varieties, necessary agricultural inputs, and post-harvest technology training," said U Aung, District Head of the Kalay District Department of Agriculture.

For the 2025-2026 winter cropping season, the township-wise cultivation targets for kidney bean in Kalay District are 3,384 acres in Kalay Township, 165 acres in Kalewa Township, and 529 acres in Mingin Township, totaling 4,078 acres, it is reported.

In Kalay District, the Township Departments of Agriculture are carrying out awareness-raising activities to enable kidney bean farmers to expand cultivated acreage, achieve higher yields, adopt Good Agricultural Practices (GAP), use quality and pure seed varieties, and cultivate high-yielding varieties, according to reports.

Crops cultivated under GAP methods are reported to have better quality than those grown using other methods, fetch higher market prices, and meet standards for both domestic and export markets. As a result, farmers adopting GAP cultivation practices are expected to gain greater economic benefits. 206



A kidney bean plantation.

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## ဒီမိုကရေစီလမ်းကြောင်းကိုလျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်စုတစ်စည်းတည်း လျှောက်လှမ်းရန်လိုအပ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**လေရှီးဒေသနှင့် လဟယ်ဒေသတွင် ဝမ်းစာဖူလုံမှုမရှိသည်ကိုတွေ့ရ၊ ဒေသဝမ်းစာဖူလုံရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ကုန်းမြင့်လယ်များကို မဖြစ်မနေဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်အောင်ရေများရရှိအောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် မြို့မိမြို့ဖများကို သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာများကိုဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် လဟယ် မြို့နှင့် လေရှီးမြို့တို့သို့ရောက်ရှိကြရာ ဒေသခံ တိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေး စွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ၊ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိ ကြီးများနှင့်ဇနီးများ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက် ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ လဟယ်မြို့နှင့် လေရှီးမြို့တို့မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် လေရှီးမြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်း မောင်တို့က ဒေသဆိုင်ရာအချက်အလက် များ၊ ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်း များဆောင်ရွက်ထားရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့မှု၊ နာဂဒေသအတွင်း မြေအသုံးချမှုနှင့်ပျမ်းမျှမိုးရေရရှိမှု၊ကဏ္ဍကြီး များအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက် ထုတ်လုပ်နိုင်ခဲ့မှု၊ ရာသီအလိုက် သီးနှံများ စိုက်ပျိုးလျက်ရှိမှု၊ဒေသဝမ်းစာဖူလုံမှု၊မွေးမြူ ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့ စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေး ပေးထားမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေး ကဏ္ဍမြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ဒေသ တစ်ခု ထုတ်ကုန် တစ်ခု(OROP)ဖြင့် ရိုးရာ အထည်များနှင့် စားသောက်ကုန်များထုတ် လုပ်ရောင်းချလျက်ရှိမှု၊ နာဂဒေသအဆင့်နှင့် သင့်လျော်သည့် ဌာနဆိုင်ရာအဖွဲ့များကို လိုအပ်သလိုတိုးမြှင့်ဖွဲ့စည်းပေးစေလိုမှု၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်ခန်းမ ဆောက်လုပ်ပေးစေလိုမှု၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနဖွဲ့စည်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက နာဂရိုးရာခေါင်းပေါင်း၊ ခြုံထည်နှင့် ရိုးရာလက်ဆောင်ပစ္စည်းများကို ဂါရဝပြုဆင်မြန်းပေးအပ်စဉ်။

ပေးစေလိုမှု၊ တယ်လီဖုန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ပေးစေလိုမှု၊ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များ၊ လေရှီး မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးလက်ဒေသ များ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး မတူဂီရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စက်ရုံအတွက် ရေလုံလောက်စွာရရှိရေး အဆင့်မြင့်ရေလှောင်ကန်နှင့် အဆင့်မြင့် စက်ပစ္စည်းများ ဖြည့်ဆည်းတည်ဆောက်ပေး စေလိုမှု၊ နာဂဒေသတည်ငြိမ်အေးချမ်းရေး အတွက် ဒေသခံများအနေဖြင့် တာဝန်ရှိသူ များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ချင်းတွင်းတံတား(ထမံသီ)ကို ဖွင့်လှစ်ပေးမှု အတွက် ဒေသခံပြည်သူများအနေဖြင့် ကျေးဇူး တင်ရှိမှု၊ထမံသီ-လေရှီး-ဆွမ္မရာလမ်းကြောင်း ကို ရာသီမရွေးသွားလာနိုင်ရေးဆောင်ရွက် ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

### တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက်တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများ နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လဟယ် ဒေသအတွင်း ဆက်သွယ်မှုများအဆင်ပြေ ချောမွေ့စေရေး တတ်နိုင်သမျှဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်၍ ပိုမိုကောင်းမွန်အောင်ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည့်အခြေအနေများ၊ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေ ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ဟုမ္မလင်း)၌ နာဂဒေသမှ ကျောင်းသား၊ ကျောင်းသူများကို အထူးကိစ္စတစ်ရပ်အနေ ဖြင့် သင်ကြားခွင့်ပြုပေးထားမှု၊ ဒေသစိုက်ပျိုး ရေးလုပ်ငန်းများ တိုးတက်စေရေးအတွက်







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေရှီးမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ဒေသမှထွက်ရှိသည့် လက်ဖက်၊ မက်မန်း၊ ကော်ဖီ၊ လိမ္မော်နှင့် ထောပတ်ပင်များသည် နှစ်ရှည်သီးနှံများဖြစ်ပြီး ဒေသအတွက် ဝင်ငွေများရရှိနိုင်မည်ဖြစ်သဖြင့် တိုးတက်စိုက်ပျိုး ထုတ်လုပ်သွားနိုင်ရန်လို...**

**ဒေသတွင်းရှိပြီးဖြစ်သည့် ဝါးနှင့်ကြိမ်များကို ဒေသပြင်ပသို့ ကုန်ကြမ်းအဖြစ်တင်ပို့ခြင်းထက် ဒေသတွင်း၌ပင်ထုတ်လုပ်နိုင်သည့် ဝါးပျော့ဖတ်လုပ်ငန်းနှင့် ကြိမ်အချောထည်လုပ်ငန်းများကိုဆောင်ရွက်၍ ရောင်းချနိုင်ပြီး နိုင်ငံတော်ကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

ကုန်းမြင့်လယ်ယာများ တတ်နိုင်သမျှဖော်ထုတ်ပေးလျက်ရှိမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသဖြင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများတိုးတက်လာနိုင်မှု၊ ဒေသန္တရမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်မွေးမြူဆောင်ရွက်စေလိုမှု၊ စိုက်ပျိုးရေများလုံလောက်စွာရရှိရေး ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဘက်စုံသုံးခန်းမကို မြေနေရာအပေါ်မူတည်၍ ဆောက်လုပ်နိုင်ရေးတင်ပြဆောင်ရွက်သွားမည့် အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရိုးရာယဉ်ကျေးမှုကွင်းတည်ဆောက်ရေးနှင့်ပတ်သက်၍ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ လဟယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ ဌာနဆိုင်ရာများ တိုးချဲ့ဖွဲ့စည်းလိုမှုနှင့်ပတ်သက်၍ ဆက်လက်တင်ပြဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြား

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လဟယ်မြို့တွင် ရိုးရာပွဲတော်ကျင်းပပြုလုပ်ရန်အတွက် ပွဲတော်ကွင်းနှင့် ဘက်စုံသုံးခန်းမတည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး ပြည်မအတွင်းသို့ဆက်သွယ်သည့်လမ်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေစေရေးအတွက် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ)ကို ယနေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နာဂဒေသသည် သွားလာရန်ခက်ခဲသဖြင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်စေလျက်ရှိကြောင်း၊ အလားတူ လဟယ်ဒေသနှင့် နန်းယွန်းဒေသသို့ဆက်သွယ်သည့်လမ်းကို ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်မသို့ ဆက်သွယ်သည့် လမ်းများ အဆင်ပြေချောမွေ့စွာဖြင့်သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပစ္စည်းများသယ်ယူပို့ဆောင်ရန် အခက်အခဲများရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့စေရေး မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လဟယ်မြို့နယ်ဆေးရုံအတွက် ဆရာဝန်လိုအပ်ချက်နှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်မှစတင်၍ နာဂဒေသအတွက် ဆရာဝန်လိုအပ်ချက်များရှိခြင်းကြောင့် တပ်မတော်အထူးကုဆရာဝန်များကို စေလွှတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါက မိမိတို့အနေဖြင့် ထပ်မံ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံရှိပါက ဆရာဝန်ရှိရမည်ဖြစ်သဖြင့် ဆရာဝန်များ ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံအတွက်လိုအပ်သည့် ကုသရေးဆိုင်ရာပစ္စည်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စာသင်ကျောင်းများအတွက် ဆရာ၊ ဆရာမများလိုအပ်မှုနှင့်ပတ်သက်၍ အလယ်တန်းပြ ဆရာ၊ ဆရာမများ ပိုမိုလိုအပ်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ ဆရာ၊ ဆရာမများဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း ပညာရေးနှင့်ပတ်သက်၍ ပညာတတ်များပေါ်ကြွယ်ဝစေရေးပညာရေးကို အားပေးဆောင်ရွက်သွားကြစေလိုကြောင်း၊ စာရင်းဇယားများအရ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးသည်ကိုတွေ့ရကြောင်း၊ ပညာသင်ကြားရာတွင် ဘာသာစကားအရ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် လူကြီးမိဘများ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစကားကို ကလေးငယ်များတတ်ကျွမ်းစေရေး ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ပညာသင်ကြားမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အချို့ကျောင်းနေအရွယ် ကလေးငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားရန် ပျက်ကွက်နေကြသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် **ကျောင်းနေအရွယ်ကလေးငယ်များအားလုံးအတန်းပညာသင်ကြားနိုင်ရေးဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ပေးကြစေလိုကြောင်း။**

နာဂဒေသတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် လူသားအရင်းအမြစ်များပေါ်ကြွယ်ဝလာစေရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွက်လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏သားသမီးများကို ပညာတတ်လူသားအရင်းအမြစ်များအဖြစ်ဆောင်ရွက်ပြီး ၎င်းတို့၏အနာဂတ်ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပြီးစီးပါက ဟုမ္မလင်းမြို့ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့တက်ရောက်ပြီး ဒီပလိုမာဘွဲ့များရရှိအောင် ဆက်လက်သင်ကြားနိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာပြီးဆုံးအောင်သင်ကြားနိုင်ရေး နိုင်ငံတော်ကလည်း တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**လေရှီးဒေသနှင့် လဟယ်ဒေသတွင် ဝမ်းစာဖူလုံမှုမရှိသည်ကိုတွေ့ရကြောင်း၊ ဒေသဝမ်းစာဖူလုံရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ကုန်းမြင့်လယ်များကို မဖြစ်မနေဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်အောင်ရေများရရှိအောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊**

**စာမျက်နှာ ၁၈ သို့**



နာဂတောင်တန်းသာသနာပြု ဗဟိုခေါင်းဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသုမနထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စုပေါင်းနဝကမ္မအလှူတော်ငွေများ၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ ကျောဖုံးမှအဆက်

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိုးရာသီမရောက်ရှိမီကာလအတွင်း လိုအပ်သည့်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် ဓာတ်အားဖြန့်ခွဲမည့်အစီအမံများကို ကြိုတင်ရေးဆွဲထားရှိရန်၊ ရာသီဥတုဆိုးရွားသည့် နေရာဖြစ်သဖြင့် အခြေခံ Foundation များကို မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ယခုစီမံကိန်းမှတစ်ဆင့် ဒေသ၏လူမှုအကျိုးစီးပွားကို များစွာအထောက်ကူပြုနိုင်သဖြင့် စီမံကိန်းကို စနစ်တကျဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဟေ့ထိုက်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပုံစံငယ်နှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါ ဟေ့ထိုက်ရေအားလျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ဟေ့ထိုက်ချောင်းပေါ်တွင် ၂၀၂၃ ခုနှစ်မှစတင်၍တည်ဆောက်နေခြင်းဖြစ်ပြီး လေးမဂ္ဂါဝပ်တပ်ဆင်စက်အင်အားရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ်နာရီသန်းကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက လဟယ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ အိမ်ထောင်စု ၁၇၁၈ စုကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းသို့ ရောက်ရှိပြီး နာဂတောင်တန်းသာသနာပြု ဗဟိုခေါင်းဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုကာ စုပေါင်းနဝကမ္မအလှူတော်ငွေများ၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆရာတော်အား သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး ဆရာတော်၏မိန့်ကြားမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လဟယ်မြို့ရှိ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေးကြိုးစားအားထုတ်မှုရှိစေရေးအားပေးစကားပြောကြားသည်။

အလားတူ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီး ဒေါ်ကြူကြူလှသည် ကော်မရှင်အတွင်းရေးမှူး၏ဇနီး၊ အဖွဲ့ဝင်များလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းသို့ သွားရောက်၍ သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် သီလရှင်ဆရာကြီးများ၏ မိန့်ကြားမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ပြ၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းရှိ သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

လဟယ်ဒေသတွင် ဝဥစိုက်ပျိုး ဖြစ်ထွန်းအောင်မြင်သည်ဟု သိရှိရကြောင်း၊ ဝဥမှ ဝဥဆန်ထုတ်လုပ်၍ရသဖြင့် ဝဥစိုက်ပျိုးရေးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်ကလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အလားတူ ပြောင်းနှင့် အာလူးများကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊**ဒေသမှထွက်ရှိသည့် လက်ဖက်၊ မက်မန်း၊ ကော်ဖီ၊ လိမ္မော်နှင့် ထောပတ်ပင်များသည် နှစ်ရှည်သီးနှံများဖြစ်ပြီး ဒေသအတွက် ဝင်ငွေများရရှိနိုင်မည်ဖြစ်သဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန်လို**ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ စားရေးကို အထောက်အကူပြုစေမည့် နွားနောက်၊ ဒေသန္တရကြက်နှင့်ဝက်များကို တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်သွားကြမည်ဆိုပါက ဒေသဝမ်းစာအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ဒေသအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် ဒေသ၏ဝင်ငွေကို တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ **ဒေသတွင်းရှိပြီးဖြစ်သည့် ဝါးနှင့် ကြိမ်များကို ဒေသပြင်ပသို့ ကုန်ကြမ်းအဖြစ်တင်ပို့ခြင်းထက် ဒေသတွင်း၌ပင် ထုတ်လုပ်နိုင်သည့် ဝါးပျော့ဖတ်လုပ်ငန်းနှင့် ကြိမ်အချောထည်လုပ်ငန်းများကိုဆောင်ရွက်၍ရောင်းချနိုင်ပြီး နိုင်ငံတော်ကလည်း ကူညီဆောင်ရွက်ပေးသွားမည်**ဖြစ်ကြောင်း၊ **ဒေသတွင်းဝင်ငွေတိုးတက်ရရှိအောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်** သဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း ပညာတတ်လူသားအရင်းအမြစ်များလိုအပ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ **ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝလာခြင်းအားဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ ဒေသအတွက်သော်လည်းကောင်း အနာဂတ်ကို ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်**ကြောင်း။

**ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်အားလုံးက တစ်စုတစ်စည်းတည်း လျှောက်လှမ်းရန်လို**

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး မကြာမီက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ရွေးချယ်ခံအစိုးရအနေဖြင့် ငါးနှစ်လျှင် တစ်ကြိမ်အပြောင်းအလဲရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်နေရမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း မည်သည့်အစိုးရတက်လာသည်ဖြစ်စေ နိုင်ငံတော်၏အကျိုးကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် **တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုကြီးရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများက အမှန်တကယ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်နှင့် ဒီမြေမှာမွေး၊ ဒီရေကိုသောက်ကြသူများ ဖြစ်သဖြင့် ဒေသအကျိုးနှင့် နိုင်ငံ့အကျိုးအတွက် အားလုံးကဝိုင်းဝန်း ဆောင်ရွက်သွားကြစေလိုကြောင်း၊**ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးက တစ်စုတစ်စည်းတည်းလျှောက်လှမ်းရန် လိုအပ်**သဖြင့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လဟယ်မြို့နယ်နှင့် လေရှီးမြို့နယ်တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံ နာဂရိုးရာ ခေါင်းပေါင်း၊ ခြုံထည်နှင့် ရိုးရာလက်ဆောင်ပစ္စည်းများကို ဂါရဝပြုဆင်မြန်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားများသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ပြ၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ)ပေါ်တွင် ဖြတ်သန်းကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ချင်းတွင်းတံတား(ထမံသီ)ကို ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ချင်းတွင်းတံတား (ထမံသီ)ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းတံတား(ထမံသီ) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။


၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းတံတား(ထမံသီ) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းတံတား(ထမံသီ)ပေါ်တွင် ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တံတားဖွင့်ပွဲသို့ လာရောက်အားပေးလျက် ရှိကြသည့် ဒေသခံပြည်သူများကိုတွေ့ဆုံ၍ လူမှုစီးပွားအခြေအနေများ မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါ ချင်းတွင်းတံတား(ထမံသီ) အနေဖြင့် တံတားအရှည် ၂၆၂၈ ပေရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း၊ ရေလမ်းကင်းလွတ် အမြင့် ပေ ၄၀ ရှိကြောင်း၊ ယခုကဲ့သို့ ချင်းတွင်းတံတား(ထမံသီ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များကို လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို များစွာ အထောက်အကူ ဖြစ်လာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းတံတား (ထမံသီ)ဖွင့်ပွဲအထိမ်း အမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။





ချင်းတွင်းတံတား(ထမံသီ)ကို တွေ့ရစဉ်။


## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယ ပါရဂူ ဘဒ္ဒန္တသိရိကဉ္စနာဘိဝံသက တင်သွင်းလျှောက်ထား၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကေသဝကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇောတိပါလာလင်္ကာရကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောပါကကလည်းကောင်း တင်သွင်းလျှောက်ထားကြသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များကို အလှူငွေပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ပြုလုပ်ရာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဒေါက်တာ အရှင်တိက္ခသာရ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ဩဝါဒခံယူကြပြီး မျက်စိဝေဒနာရှင်များအတွက် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀ ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်နှင့်အတူ ဆေးရုံအတွင်း ဆေးရုံတက်ရောက်ကုသနေသူများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၄၃ ခုအနက် ၃၇ ခုမြောက် အာယုဒါနဆေးရုံတော်ဖြစ်ပြီး ၎င်းဆေးရုံ၌ တစ်နေ့လျှင် မျက်စိဝေဒနာရှင်ဦးရေ ၁၃၀ ခန့်ကို မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များ ခြစ်ထုတ်ခြင်း၊ မျက်လုံးအစားထိုးကုသခြင်းများကို ယနေ့မှစ၍ ဖေဖော်ဝါရီ၂၄ ရက်ထိ ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ”** ခေါင်းစဉ်ဖြင့် ၁၈-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၅-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ မြို့နယ်သစ်တောဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေပြီး သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းဖြစ်လာစေရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဟုမ္မလင်းခရိုင်အတွင်း သစ်တောဖုံးလွှမ်းမှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၃၁ ဒသမ ၇၅ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၃၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိသည့်အတွက် ၂ ဒသမ ၁၀ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ ကျားနှင့် အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံအဆင့် ကျားထိန်းသိမ်းရေးလုပ်ငန်းစီမံချက်များ ရေးဆွဲ၍ ကျားထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဟုမ္မလင်းခရိုင်အတွင်း ဝါးနှင့် ကြိမ်အခြေခံထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် ပုဂ္ဂလိကနှင့် ဌာနပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သစ်တောနယ်မြေအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသယ်ဆောင်မှုမရှိစေရေးအတွက်လည်း သက်ဆိုင်ရာဌာနများက ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်၍ ပြည်သူက အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)၊ အမှတ်(၈) အထည်စက်ရုံခွဲ(ရမည်းသင်း)တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီးတို့နှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စက်ရုံအစည်းအဝေးခန်းမ၌ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)ကို ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ စက်ရုံတွင် အလုပ်ရုံ ၂၂ ရုံရှိသည့်အနက် အလုပ်ရုံ ၁၉ ရုံရှိ စက်ပစ္စည်းများကိုစစ်ဆေးပြုပြင်၍ စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်အလုပ်ရုံ သုံးရုံအနက် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ထုတ်လုပ်သည့်အလုပ်ရုံ (Air Separation Plant)ကို မကြာမီအချိန်တွင် စမ်းသပ်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံရှိ အဓိကအလုပ်ရုံဖြစ်သည့် Romelt နည်းပညာအသုံးပြု သံရည်ကျိုအလုပ်ရုံရှိ တပ်ဆင်ထားရှိသော စက်ပစ္စည်းများကိုလည်း ကျွမ်းကျင်ပညာရှင်များက စစ်ဆေးပြီးဖြစ်ကြောင်း၊ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကိုလည်း စက်တပ်ဆင်ခြင်း၊ စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးတို့က အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ထုတ်လုပ်သည့် အလုပ်ရုံ (Air Separation Plant) စမ်းသပ်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ထုတ်လုပ်သည့် အလုပ်ရုံ (Air Separation Plant)သို့ ရောက်ရှိပြီး စက်များ စမ်းသပ်လည်ပတ်မောင်းနှင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ စက်များကို စစ်ဆေးခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်လည်ပတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် AGS Co., Ltd.မှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံ၍ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ထုတ်လုပ်သည့်အလုပ်ရုံ (Air Separation Plant)ကို ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေး၊ ကိုင်တွယ်မောင်းနှင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးတို့ကို ဆွေးနွေးကြပြီး ကျွမ်းကျင်ပညာရှင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း)သို့ ရောက်ရှိပြီး စွပ်ကျယ်များ ချုပ်လုပ်နေမှု၊ စောင်များ ရက်လုပ်နေမှု၊ ဆေးရုံသုံးမွေ့ရာများ ချုပ်လုပ်နေမှု၊ လုပ်ငန်းခွင်သုံးဝတ်စုံများ ချုပ်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံတာဝန်ခံ၊ ဌာနတာဝန်ခံများနှင့်တွေ့ဆုံ၍ စက်ရုံများ၌ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စနစ်များထူထောင်ထားရှိပြီးဖြစ်၍ တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ဝန်ကြီးဌာနများ၏ အမှာစာများကို အချိန်မီထုတ်လုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ချုပ်ထည်များကို ချုပ်ရိုးချုပ်သားကောင်းမွန်နိုင်ရေးအတွက် စနစ်တကျစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်၊ ပူပြင်းရာသီရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် စီမံချက်များရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့်ရန်နှင့် မီးငြိမ်းသတ်ရေးအထောက်အကူပြုပစ္စည်းများ ဖြည့်တင်းဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ်ပြန်လည်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား၊ ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်စျေး ဖွင့်ပွဲအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေး ဖေဖော်ဝါရီ ၁၆

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ် ပြန်လည်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား၊ ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်စျေး ဖွင့်ပွဲအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။


ဦးစွာ မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ် ပြန်လည်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်ရွှေကျောင်းတော်ကြီး၏အထွတ်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်သစ်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို မဟာမုနိရုပ်ရှင်တော်မူလသမိုင်းနှင့် ထုံးတမ်းအစဉ်အလာများအတိုင်း ဆင်ယင်ကျင်းပသွားမည်ဖြစ်ပြီး ဖွဲ့စည်းတာဝန်များပေးထားသည့် လုပ်ငန်းကော်မတီများအနေဖြင့် ဆောင်ရွက်ကြရမည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် အောင်မြင်စွာပြီးစီးရေး စနစ်တကျစီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အခက်အခဲများမရှိစေရေး အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်တို့ကိုမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့်လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကိုရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ သုမင်္ဂလာ အဆင့်မြင့်စျေး ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းကော်မတီများအနေဖြင့် ဖွင့်ပွဲအခမ်းအနားမကျင်းပမီနှင့် ကျင်းပနေစဉ်အချိန်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများအလိုက် အဆင်ပြေချောမွေ့အောင်မြင်စွာပြီးစီးရေး စနစ်တကျ ကြပ်မတ်ကာ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး လုပ်ငန်းကော်မတီများက ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

မျိုးကျော်

# နိုင်ငံတော်ဩဝါဒါစရိယ ပုဏ္ဏမာရာမ စျေးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ



နေပြည်တော် ဖေဖော်ဝါရီ ၁၆

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့ အမှတ်(၄)ရပ်ကွက် ပုဏ္ဏမာရာမ စျေးကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဩဘာသာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် ၁၀၄ နှစ် သိက္ခာ ၈၄ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁ ရက် (၁၆-၂-၂၀၂၆) ရက် တနင်္လာနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)




## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားနေသဖြင့် နေအိမ်ပြင်ပတွင် မီးရှို့ခြင်းကို တင်းကျပ်စွာတားမြစ်



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် အန်ဒါဆင်ကောင်တီတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားနေသဖြင့် တောင်ကာရိုလိုင်းနား ပြည်နယ်မီးသတ်တပ်ဖွဲ့က တောမီးကူးစက်လောင်ကျွမ်းနိုင်သည့် အခြေအနေကြောင့် နေအိမ်ပြင်ပတွင် မီးရှို့ခြင်းကို တားမြစ်ထားကြောင်း တရားဝင် ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အန်ဒါဆင်ကောင်တီအနီးတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ တောမီးလောင်ကျွမ်းမှု စတင်ခဲ့ခြင်းဖြစ်ပြီး အန်ဒါဆင်ကောင်တီရှိ အဝေးပြေးလမ်းမကြီးများအနီးသို့ တောမီး ကူးစက်လောင်ကျွမ်းနေသည့်အတွက် လမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် အင်အားသုံးကာ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

"အန်ဒါဆင်ကောင်တီအနီးမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်နေမှုကြောင့်လဲ တောမီးဟာ တစ်နေရာကနေ တစ်နေရာကိုကူးစက်လောင်ကျွမ်းနိုင်ပါတယ်။ ဒါကြောင့် ပြည်သူတွေကို မီးမပေါ်ဆဖို့အတွက် သတိပေးချက်တွေ ထုတ်ပြန်ပေးနေပါတယ်။ လိုက်လံစစ်ဆေးတာတွေလဲ ပြုလုပ်နေပါတယ်။ သတိပေးချက်ကို မလိုက်နာရင် ထိရောက်စွာအရေးယူသွားမှာ ဖြစ်ပါတယ်"ဟု တောင်ကာရိုလိုင်းနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဆင်ပလက်နက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# နယူးဇီလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ပြင်းထန်သောလေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နေသဖြင့် သတိပေးချက်ထုတ်ပြန်

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၆**

နယူးဇီလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ပြင်းထန်သော လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နေကြောင်း မိုးလေဝသဌာန၏ ယနေ့ ထုတ်ပြန်ချက်များအရ သိရသည်။

လက်ရှိအချိန်တွင်လည်း နယူးဇီလန်နိုင်ငံသည် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတွင်း၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ လမ်းပျက်စီးမှုများနှင့် နေအိမ်ပျက်စီးမှုများဖြစ်ကာ ဒေသခံတချို့ နေအိမ်များမှ ပြောင်းရွှေ့နေထိုင်နေကြရကြောင်း သိရသည်။

နိုင်ငံ၏ မိုးလေဝသဌာနမှ မိုးလေဝသ ခန့်မှန်းချက်အရ ယနေ့တွင် မိုးသက်မုန်တိုင်းကြောင့် နိုင်ငံ၏မြောက်ပိုင်း၊ အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် မိုးရေချိန်များ မြင့်တက်လာနိုင်သည့်အပြင် လေတိုက်နှုန်းလည်း ပြင်းထန်နေကြောင်း၊ အချို့ဒေသများတွင် မြစ်ရေမြင့်တက်မှုနှင့် မြေပြိုကျမှု အန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်းလည်း သတိပေးထားသည်။

အရေးပေါ် ဝန်ဆောင်မှုအဖွဲ့များသည် ရေကြီးရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများကြောင့် အချို့နေရာများတွင် သွားလာရေးအခက်အခဲများ ဆက်လက်ရှိနေသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားလိုင်းများ ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိသော်လည်း မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုအခြေအနေများ ဆက်လက်ရှိနေသဖြင့် ပြန်လည်ပြတ်တောက်နိုင်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက သတိပေးထားသည်။

ထို့ပြင် အာဏာပိုင်များက ပြည်သူများကို ရေကြီးနိုင်သည့် ဒေသများမှ အရေးပေါ်ပြောင်းရွှေ့ပေးနေပြီး မိုးလေဝသထုတ်ပြန်ချက်များကို အနီးကပ်စောင့်ကြည့်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# လတ်ဗီးယားနိုင်ငံတွင် နှင်းမုန်တိုင်းရက်ရှည်တိုက်ခတ်နေသောကြောင့် နှင်းထူထပ်စွာ ကျဆင်းပြီး သွားလာရေးအခက်အခဲများဖြစ်ပေါ်နေ

**ရီဂါ ဖေဖော်ဝါရီ ၁၆**



လတ်ဗီးယားနိုင်ငံတွင် နှင်းမုန်တိုင်းရက်ရှည်စွာ တိုက်ခတ်နေသောကြောင့် နိုင်ငံတစ်ဝန်း နှင်းထူထပ်စွာ ကျဆင်းလျက်ရှိပြီး သွားလာရေး အခက်အခဲများ ဖြစ်ပေါ်နေကြောင်း လတ်ဗီးယား ပတ်ဝန်းကျင်၊ ဘူမိဗေဒနှင့် မိုးလေဝသဌာန၏ ဖေဖော်ဝါရီ ၁၅ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

နှင်းဖုံးလွှမ်းမှု အထူဆုံးခံခဲ့ရသည့်မြို့မှာ လတ်ဗီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ ဒါဂ်ဒါမြို့ဖြစ်ပြီး အဆိုပါမြို့တွင် နှင်းထု ၆၂ စင်တီမီတာထိရှိကြောင်း၊ အခြားဒေသများတွင်လည်း နှင်းထု စင်တီမီတာ ၃၀ မှ ၅၀ ထိရှိသည်။

နှင်းထူထပ်စွာ ကျဆင်းမှုကြောင့် အဓိကလမ်းမကြီးများနှင့် လမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေပြီး ယာဉ်မတော်တဆမှုတချို့လည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ နှင်းရှင်းလင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု ရှင်းလင်းရေးလုပ်ငန်းများကို အရေးပေါ်အဖွဲ့များက အစွမ်းကုန်ဆောင်ရွက်လျက်ရှိသော်လည်း အချို့ဒေသများတွင် လမ်းပိတ်ဆို့မှုများ ဆက်လက် ရှိနေဆဲဖြစ်ကြောင်း၊ နှင်းမုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်ဖြန့်ဖြူးရေး ဌာနများက ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း၊ လေကြောင်းနှင့် ရထားပြေးဆွဲမှုတချို့တွင်လည်း နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့သည်။

မိုးလေဝသအဖွဲ့၏ ခန့်မှန်းချက်အရ နှင်းထပ်မံကျဆင်းနိုင်သောကြောင့် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ ခရီးသွားလာမှုများကို ရှောင်ကြဉ်ကြရန်နှင့် ယာဉ်မောင်းနှင်ရာတွင် သတိထားကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆီးနှင်းကျဆင်းမှုလျော့နည်းလာ

**အော့တဝါ ဖေဖော်ဝါရီ ၁၆**

ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆီးနှင်းကျဆင်းမှု လျော့နည်းလာကြောင်း Ministry of Water, Lands and Resource Steward-ship က ထုတ်ပြန်သွားခဲ့သည်ဟု ဖေဖော်ဝါရီ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပုံမှန်အားဖြင့် ယခုအချိန်သည် ဆီးနှင်းထူထပ်စွာ ကျဆင်းချိန်ဖြစ်ပြီး လက်ရှိတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆီးနှင်းများ လျော့နည်းစွာ ကျဆင်းနေခြင်းဖြစ်ကြောင်း၊ ဗန်ကိုဗားကျွန်း အလယ်ပိုင်း ဒေသများတွင် ဆီးနှင်းကျဆင်းမှုသည် ၂၀၂၅ ခုနှစ်ကထက် ၃၉ ရာခိုင်နှုန်းထိ လျော့နည်းစွာ ကျဆင်းခဲ့ကြောင်း၊ စကာဂစ်နယ်မြေတွင် ယခင်နှစ်ကထက် ဆီးနှင်းကျဆင်းမှုမှာ ၄၉ ရာခိုင်နှုန်းထိ လျော့နည်းခဲ့ပြီး တောင်ပိုင်း ကမ်းခြေဒေသများတွင် ဆီးနှင်းကျဆင်းမှုမှာ ယခင်နှစ်ကထက် ၆၁ ရာခိုင်နှုန်းထိ လျော့နည်းခဲ့ကြောင်း သိရသည်။

"ဗန်ကိုဗားကျွန်းမှာ ဆီးနှင်းကျဆင်းမှု စံချိန်တင်လျော့နည်းနေပါတယ်။ အလယ်ပိုင်းဒေသတွေမှာ ဆီးနှင်းကျဆင်းမှုက အရင်နှစ်ကထက် ၃၉ ရာခိုင်နှုန်းထိ လျော့နည်းခဲ့ပြီးတော့ စကာဂစ်နယ်မြေမှာတော့ ဆီးနှင်းကျဆင်းမှုဟာ အရင်နှစ်ကထက် ၄၉ ရာခိုင်နှုန်းထိ လျော့နည်းကျဆင်းခဲ့ပြီး တောင်ဘက်ပိုင်းကမ်းခြေ ဒေသတွေမှာတော့ ဆီးနှင်းကျဆင်းမှုဟာ အရင်နှစ်ကထက် ၆၁ ရာခိုင်နှုန်းထိ လျော့နည်းခဲ့ပါတယ်" ဟု Ministry of Water, Lands and Resource Stewardship မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံတွင် စီမီရူမီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ မီးခိုးငွေ့များ မီးတောင်အထက် ခြောက်ကီလိုမီတာထိ ပျံ့နှံ့ရောက်ရှိ

**ဂျကာတာ ဖေဖော်ဝါရီ ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် စီမီရူမီးတောင်သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်အစောပိုင်းတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ မီးခိုးငွေ့များပျံ့နှံ့ခဲ့ပြီး မီးတောင်အထက် ခြောက်ကီလိုမီတာထိ ပျံ့နှံ့ရောက်ရှိနေကြောင်း Volcanology and Geological Hazard Mitigationက ထုတ်ပြန်သွားခဲ့သည်။

မီးတောင်အတွင်းမှ ချော်ရည်များ ပေါက်ထွက်ခဲ့သကဲ့သို့ မီးတောင်အတွင်းမှ မီးခိုးငွေ့များသည် ဘီဆက်ကိုကိုဘန်မြစ်ဘက်သို့ ဦးတည်ရွေ့လျားနေပြီး မီးခိုးငွေ့များ ဖြတ်သန်းရာဧရိယာတစ်လျှောက် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ မီးခိုးငွေ့များသည် မီးတောင်အထက် ကီလိုမီတာ ၁၅၀၀ ထိ ရောက်ရှိပျံ့နှံ့နိုင်ပြီး မီးတောင်အနီး ပတ်ဝန်းကျင်ဒေသများတွင် လေထုညစ်ညမ်းမှု စတင်နေပြီဖြစ်ကြောင်း သိရသည်။

"စီမီရူမီးတောင်ဟာ ဖေဖော်ဝါရီ ၁၅ ရက် မနက် ၅ နာရီ ၅၄ မိနစ်ခန့်မှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းကနေ ချော်ရည်တွေ ယိုစိမ့်ခဲ့သလို မီးတောင်အတွင်းကနေ မီးခိုးငွေ့တွေလဲ ပေါက်ထွက်ခဲ့ပါတယ်။ မီးခိုးငွေ့တွေဟာ မီးတောင်အထက် ခြောက်ကီလိုမီတာထိ ရောက်ရှိပျံ့နှံ့နေပါတယ်။ မီးခိုးငွေ့တွေ ဖြတ်သန်းသွားတဲ့ ဧရိယာတစ်လျှောက် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ မီးတောင်အန္တရာယ် သတ်မှတ်ထားတဲ့ ဒေသတွေကတော့ လူမာဂျန်ဒေသနဲ့ မာလန်ဒေသတို့ပဲဖြစ်ပါတယ်" ဟု Volcanology and Geological Hazard Mitigation မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat




(၁)

ကျွန်းသားဗီရိုထဲက အဝါရောင်ပစ်တိုင်းထောင် ရုပ်စုဘူးကလေးသည် ယနေ့အဖို့ ဒေါ်စန်းကြည်ကို အားတက်သရော ပြုံးပြနေသည်ဟုထင်ရ၏။ ပစ်တိုင်းထောင်ရုပ်စုဘူးကလေးက ယခင်နေ့များက ထက်ပြုံးနေသည်လား၊ ဒေါ်စန်းကြည်က သည်ကနေ့ မှပင် ပျော်ရွှင်နေသည်လားတော့မသိ။ ပြတင်းပေါက် နားတွင် ရေနွေးကြမ်းထိုင်သောက်နေသည့် ဦးမြင့်မောင်ကပင် ဒေါ်စန်းကြည်ကို ကြည့်ကာ အထူးအဆန်းဟုထင်နေသည်။

"မစန်းကြည်တို့ကတော့ ဒီနေ့ထီပေါက်ထား တယ်နဲ့တူတယ်။ မနက်မိုးလင်းကတည်းက မျက်နှာက အရင်နေ့တွေနဲ့မတူဘူး ပြုံးလို့ ပျော်လို့"

"ထီပေါက်ရအောင် ကျုပ်ကဘယ်တုန်းကများ ထီထိုးဖူးလို့တုံးတော့်။ အခုဟာက ထီပေါက်တာနဲ့ မတူတဲ့ပျော်စရာရှိလို့ပေါ့တော်"

အတည်ပေါက်ပြောနေသည့် ဒေါ်စန်းကြည်၏ စကားကြောင့် ဦးမြင့်မောင်က သောက်လက်စရေနွေး ကြမ်းခွက်ကိုချကာ ဆို၏။

"တယ်ဟုတ်ပါလား မစန်းကြည်ရ၊ ဆိုစမ်းပါအုံး ငါလဲပျော်ချင်လို့ပါကွာ"

"ပျော်ရမယ်တော်ရေ ခဏလေးစောင့်"

ပြောပြောဆိုဆိုဒေါ်စန်းကြည်က ကျွန်းသား ဗီရိုထဲက ပစ်တိုင်းထောင်ရုပ်စုဘူးကလေးကို ယူ လာလေသည်။

"ဩော်... လက်စသတ်တော့ စုဘူးဖောက် မလို့ကိုး"

"ဟုတ်တယ်တော်ရေ၊ ဒီနေ့ဘာနေ့လဲသိလား"

"သီတင်းကျွတ်လပြည့်နေ့လေ။ လပြည့်နေ့ မှန်းမသိရအောင် ငါ့များဒိဋ္ဌိထင်နေလား"

"လပြည့်နေ့မှန်းတော့ သိတာပေါ့တော်။ ကျုပ် ပြောချင်တာက တော့်မြေးမွေးနေ့ကိုပြောတာ။ အင်းပေါ့လေ တော်က ကျုပ်ထက်တောင်ဆံပင် တွေပိုဖြူနေတာဆိုတော့ တော်မမှတ်မိတာကျုပ် အပြစ်မပြောတော့ပါဘူး"

ဒေါ်စန်းကြည်က ပြောပြောဆိုဆို ဦးမြင့်မောင် အနားသို့လာကာ ပစ်တိုင်းထောင်ရုပ်စုဘူးကို ချလိုက်သည်။

"ရော့ ဟောဒီမှာကြည့်။ ကျုပ်တို့မြေးကလေးရဲ့ ခြောက်နှစ်ပြည့်မွေးနေ့မှာ ကျုပ်က ကိတ်ရယ်၊ လက်ဆောင်ရယ် ပေးမယ်ဆိုပြီးစုထားတဲ့ ပိုက်ဆံ တွေ။ ကွမ်းညှပ်နဲ့သာခွဲလိုက်တော့တော်ရေ၊ ခားရှာ မနေနဲ့တော့။ ကျုပ်မြင်ချင်လှပြီ"

ဒေါ်စန်းကြည် ဆန္ဒစောနေသောကြောင့် ဦးမြင့်မောင်လည်း အနီးမှကွမ်းညှပ်ကိုယူကာ ကွမ်း ညှပ်အသွားဖြင့်သာ စုဘူးကို ခွဲလိုက်၏။

"သေချာလေးလုပ်ပါတော်ရယ် ပိုက်ဆံတွေပြဲ သွားမှဖြင့်"

ဦးမြင့်မောင် ဂရုတစိုက်ဖြင့်ခွဲလိုက်သောအခါ စုဘူးထဲတွင် နေရာအပြည့်ယူထားသည့် ညစ်နွမ်းနွမ်း ပိုက်ဆံလိပ်ကလေးများက အတုံးအရုံးကန်ထွက် လာကြသည်။ ဦးမြင့်မောင် ကောက်ကိုင်ကြည့် မိသလောက်မှာ ဟောင်းနွမ်းနေသည့် တစ်ထောင် တန်အလိပ်များက များလှသည်။

"ကြည့်မနေနဲ့တော်ရေ၊ ကျုပ်မြေးကလေး အတွက်နော်။ တော့်အတွက်မဟုတ်ဘူး"

"ဩော်... မစန်းကြည် မစန်းကြည်။ အန်ရှုံးဝါးဝယ်မသောက်တော့ဘဲ ပိုက်ဆံတွေချည်း စုဘူးထဲထည့်နေခဲ့တာကိုး"

"အို ကျုပ်ဘာသာကျုပ်ဝယ်မသောက်တာပဲ။ အကုန်တောင်သက်သာသေးတယ်။ ဖယ် ဖယ် ကျုပ်ပဲရေလိုက်တော့မယ်။ တော့်ရေခိုင်းရင်ပြီးမှာ မဟုတ်တော့ဘူး"

ဒေါ်စန်းကြည်က ဦးမြင့်မောင်၏လက်ကို အသာတွန်းဖယ်ကာ ပိုက်ဆံရေလိုက်သည်။

"တစ်ထောင် နှစ်ထောင် သုံးထောင် လေးထောင် ငါးထောင် ခြောက်ထောင်"

ပိုက်ဆံရေတွက်နေသည့် ရှုံ့တွတ်တွန့်လိပ်နေသော ဒေါ်စန်းကြည်၏ လက်တစ်စုံသည် စိတ်လှုပ်ရှားမှု အတိုနှင့် တုန်ယင်၍နေ၏။

"တစ်သိန်းနဲ့ ခြောက်သောင်းရှစ်ထောင်ရ တယ်တော်ရေ"

ပိုက်ဆံထပ်ကို ကိုင်ကာ ဝေ့ယမ်းပြနေသော ဒေါ်စန်းကြည်၏မျက်နှာမှာ ယနေ့ညသာမည့် လမင်းထက်ပင် ပို၍တောက်ပနေလိမ့်မည်ဟု ဦးမြင့်မောင်ကောက်ချက်ချလိုက်တော့သည်။

(၂)

"မီးပုံးတွေက ဒီညအမီပြီးပါ့မလား ကိုမြင့်မောင်"

ဦးမြင့်မောင် ပြတင်းပေါက်နားတွင်ထိုင်ကာ ရောင်စုံစက္ကူမီးပုံးများလုပ်နေစဉ် ဒေါ်စန်းကြည်က အနားရောက်လာသည်။ ညအမီ မီးပုံးမပြီးမည်စိုး၍ အနားတွင် တဖျစ်တောက်တောက် ထိုင်ပြောနေ တော့မည်ကို ဦးမြင့်မောင်သိနေလေပြီ။

"ပြီးပါတယ်ကွာ ကိုယ်ကျွမ်းကျင်ရာအလုပ်ဆို တာမခဲယဉ်းပါဘူး။ ပြီးပါတယ် စိတ်ချ။ ဝါးနီးစိတ် ကလေးတွေလဲ ခွေပြီးနေပြီပဲ၊ စက္ကူကပ်ဖို့ပဲ ကျန်တာ"

"ပြီးရော ကျုပ်လဲမွေးနေ့ကိတ်မှာထားတာ ညနေရပြီပြောတယ်"

"အေးပါကွာ ရရင်ပြီးတာပါပဲ။ မင်းမြေးနဲ့ သူ့အဖေ၊ အမေက လာရောလာမှာတဲ့လား"

ဦးမြင့်မောင်က ရောင်စုံစက္ကူရွက်များကို ညှပ်ရင်း ဒေါ်စန်းကြည်ကိုမေး၏။ ထိုအခါ ဒေါ်စန်းကြည်က စိတ်မရှည်တော့သည့် လေသံဖြင့် ဘုဆက်ဆက်ပြန်ပြောလိုက်သည်။

"လာမှာပေါ့ ဝယ်ထားတာပေါ့တော်ရဲ့။ တစ်နေ့ ကပဲ ဖုန်းဆက်ထားတာ လာခဲ့ပါမယ်တဲ့။ မလာဘဲ နေမလားတော် ကျုပ်တို့ကိုလဲ လာကန်တော့ အုံးမှာပေါ့"

"ပြီးရော ပြီးရော။ မလာဖြစ်ခဲ့ရင် မင်းမျှော်နေရ တာကို ငါမကြည့်ရက်လို့ပါ မစန်းကြည်ရယ်။ ဒါနဲ့ မင်းမြေးက မင်းမှာထားတဲ့ကိတ်မုန့်ကို ကြိုက်ပါ့ မလားကွာ။ သူ့အဖေနဲ့အမေက တန်ဖိုးကြီး ကိတ်မုန့်တွေနဲ့ပဲ လုပ်ပေးခဲ့တာဆိုတော့ မင်းကိတ် မုန့်ကိုမကြိုက်မှာစိုးလို့ပါ"

ဦးမြင့်မောင်၏စကားကြောင့် ဒေါ်စန်းကြည် မျက်နှာတွင် သိမ်ငယ်ရိပ်သန်းသွားရှာသည်။ သို့သော်လည်း-

"အို...မကြိုက်စရာလား။ ကျုပ်ကလဲ သူ့မိဘ တွေလုပ်ပေးခဲ့သလို ရယ်ကိတ်ကိုမှာထားတာ" ဟု အားကျမခံပြန်ပြောလိုက်သည်။

မြေးလေးအတွက် မွေးနေ့ပွဲကလေးလုပ်ပေး ချင်သည့်ဒေါ်စန်းကြည်၏မေတ္တာများကို ဦးမြင့်မောင် တစ်ယောက် သက်ပြင်းချ၍သာ ကြည့်နေလိုက် တော့၏။ ဦးမြင့်မောင် သက်ပြင်းချလိုက်သည်ကို ဒေါ်စန်းကြည် သိသွားဟန်တူသည်။

"အမယ်...တော်ကကျုပ်ကိုလှောင်ချင်တာလား။ တော့်မီးပုံးတွေကိုကော တော့်မြေးကကြိုက်မယ်၊ သဘောကျမယ်ထင်လို့လား။ သူတို့မြို့မှာက တော့် မီးပုံးထက်လှတဲ့ ဟို ဘာတဲ့ မိုတ်တုတ်မိုတ်တုတ် နဲ့ရောင်စုံကလေးတွေလင်းတာ။ အော်တော်မိတ် တိတ်ဆိုလား အူတိုမတ်တပ်ဆိုလား အဲဒီမီးရောင်စုံ တွေထွန်းကြတာ။ တော့်စက္ကူမီးပုံးတွေကိုသာ သဘောကျပါစေလို့ကျုပ်ဆုတောင်းပါတယ်တော်"

ဒေါ်စန်းကြည်က ဦးမြင့်မောင်ကို စကားအနိုင်မခံ လိုစိတ်ဖြင့် ခနဲ့တဲ့တဲ့ဖြင့်တုံ့ပြန်လိုက်သော်လည်း ဒေါ်စန်းကြည်ကိုယ်တိုင်က ဦးမြင့်မောင်အဖို့ရော သူ့အဖို့ပါ သိမ်ငယ်စိတ်ဝင်နေမိသည်မှာ အမှန်ပင်ဖြစ် နေတော့သည်။

(၃)

ညနေပင်အတော်စောင်း၍နေပြီ။ ဦးမြင့်မောင် တစ်ယောက် နေ့လယ်ကလုပ်ထားသည့် စက္ကူမီးပုံး များကို ပြတင်းပေါက်များတွင် လိုက်လံချိတ်ဆွဲနေ သည်။ အိမ်နီးချင်းများနှင့် အခြားအိမ်များကလည်း ဦးမြင့်မောင်ကဲ့သို့ပင် မိမိတို့၏အိမ်တွင် မီးပုံးများ ချိတ်ဆွဲနေကြသည်။

"ကိုမြင့်မောင် တော့်မြေးတို့သားမိသားဖတွေ မလာကြသေးပါလား။ လမ်းပေါ်မှာတောင် လိုက် ကန်တော့တဲ့သူတွေ သွားကြလာကြဖြစ်နေပြီ"

"လာမယ်လို့ပြောထားရင် လာမှာပေါ့ကွာ"

"ဒီနေ့လေးကို ကျုပ်တအားမျှော်နေခဲ့တာ။

"သီတင်းကျွတ်လပြည့်နေ့ဆိုတော့ ကျုပ်တို့ သားနဲ့ ကျုပ်တို့ချွေးမနဲ့ ကျုပ်တို့မြေးနဲ့မိသားစုစုံစုံ လင်လင်လာကန်တော့ကြမှာပဲ။ ပြီးတော့ လာတုန်း လာခိုက်လေးက ကျုပ်တို့မြေးကလေးရဲ့မွေးနေ့ဖြစ် နေတာဆိုတော့ ကျုပ်လဲမွေးနေ့ကိတ်နဲ့ အမှတ်တရ လေးလုပ်ပေးချင်တာ။ ကျုပ်တော့ တွေးကြည့်တာနဲ့ တင်ဘယ်လိုပျော်မှန်းကိုမသိတာ"

"အေးပါကွာ ပျော်တာနောက်ထား။ အခုက သူတို့ မလာကြသေးဘူး"

"လာမှာပေါ့တော် မြို့ကနေရွာကို ဆိုင်ကယ် တစ်နာရီလောက်မောင်းရတာ တော်လဲသိသားနဲ့"

တစ်ခွန်းမခံတုံ့ပြန်သည့် ဒေါ်စန်းကြည်ကို ဦးမြင့်မောင်တစ်ခွန်းမျှ ထပ်မပြောတော့ဘဲ နှုတ်ဆိတ် ၍သာနေလိုက်တော့သည်။

(၄)

ပြတင်းပေါက်တွင် ချိတ်ဆွဲထားသည့် ရောင်စုံ စက္ကူမီးပုံးကလေးများသည် အချိန်သိပ်မကြာခင် မှာပင် အရောင်မှိန်လာကြသည်။ ဖယောင်းတိုင်ကုန်၍ မီးငြိမ်းသွားသည်ကလည်း တစ်လုံးပြီး တစ်လုံး။

"မစန်းကြည် မင်းကလေးတွေက လာကြပါ အုံးမလားကွာ။ ဖယောင်းတိုင်တောင်မှ ထွန်းထားတာ တစ်တိုင်ကုန်နေပြီ။ လာမယ်ဆိုရင် ဒီလောက် ကြာချိန်နဲ့တော့ ရောက်သင့်ပါပြီကွာ"

"ရောက်မှာပေါ့ တော်ကလဲ လမ်းမှာ ဆိုင်ကယ် တစ်ခုခုများဖြစ်နေမလားလို့ ကျုပ်က စိတ်ပူတာပါ"

ပြတင်းပေါက်ဝရန်တာဘေးသို့ကပ်ကာ ခြံပေါက်ဝ ဆီသို့ စောင့်မျှော်နေသည့် ဒေါ်စန်းကြည်ကို ကြည့်ကာ ဦးမြင့်မောင် သက်ပြင်းချလိုက်ပြန်သည်။ ထိုအချိန် ဒေါ်စန်းကြည်က -

"မွေးနေ့ကိတ်ကလေးပါ အဆင်သင့်ချထားအုံး မှတော်ရေ၊ ဒါမှ အားလုံးအဆင်သင့်ဖြစ်မှာ" ဟု ဆိုကာ မွေးနေ့ကိတ်တစ်ခုကိုယူလာပြီး ရေနွေးကြမ်း ခုံပေါ်သို့တင်လိုက်၏။

ကိတ်ပေါ်တွင် စာလုံးထွင်းထားသည့် ဖိုးလပြည့် ခြောက်နှစ်ပြည့်မွေးနေ့ဆိုသည့် စာကလေးမှာ ရောင်စုံမီးပုံးများ၏အလင်းဖြင့် အထင်းသား မြင်နေရသည်။ ဒေါ်စန်းကြည်လည်း ကိတ်ကို ဖယောင်းတိုင်လေးများစိုက်ထိုးလိုက်သည်။

"ကိုမြင့်မောင် လာလေ။ တော်က ဖယောင်း တိုင်သုံးတိုင် လာစိုက်လှည့်။ ကျုပ်ကသုံးတိုင် စိုက် မယ်။ ခြောက်နှစ်ဆိုတော့ခြောက်တိုင်ပေါ့။ စိုက်ပြီး ပြီးရောမဟုတ်ဘူးနော်။ ဆုတောင်းပေးရအောင် စိုက်ခိုင်းတာ"

"အေးပါကွာ မင်းစိတ်ချမ်းသာရင်ပြီးတာပါပဲ။ စိုက်ပါ့မယ်"

လင်မယားနှစ်ဦးသား ဖယောင်းတိုင်များစိုက် ပြီးသည့်အခါ သူတို့၏ သားနှင့်မြေးအလာကို ထိုင်မျှော်နေကြပြန်သည်။

(၅)

ရောင်စုံမီးပုံးကလေးများ၏ အလင်းသည် နောက်တစ်ကြိမ်ထပ်မံ၍ ပျောက်ဆုံးသွားကြပြန်ပြီ။

စာမျက်နှာ ၂၅ သို့

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၂၀၂၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၀၂၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၀၂၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်းကေ ၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာ ပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

---

á စာမျက်နှာ ၂၄ မှအဆက်

လမ်းမပေါ်တွင်လည်း လူသွားလူလာ ကျဲလာသည်။ ဦးမြင့်မောင်နှင့် ဒေါ်စန်းကြည်တို့မှာတော့ ခြံဝသို့မျှော်ရင်း တစ်ဖန် ကိတ်မုန့်ကို ငုံကြည့်တစ်လှည့်ဖြင့် ဆက်မျှော်နေကြဆဲပင်။

"မစန်းကြည် ဖုန်းဆက်ကြည့်ပါလား။ လာဖြစ်ရဲ့လားလို့ မေးကြည့်ပေါ့ကွာ"

ယခုတစ်ခါတွင် ဒေါ်စန်းကြည်ခမျာ ခွန်းတုံ့ပြန်မပြောနိုင်ရှာတော့ဘဲ နှုတ်ဆိတ်၍သာ နေလေသည်။

"မစန်းကြည် ဖုန်းဆက်ကြည့်စမ်းဆို"

ဦးမြင့်မောင် နောက်ထပ်တစ်ကြိမ် ထပ်ခေါ်လိုက်မှသာ ဒေါ်စန်းကြည်၏ အတွေးစပျက်သွားရ၏။

"အင်း ဆက်ကြည့်လိုက်မယ်"

ဒေါ်စန်းကြည်လည်း ဗီရိုပေါ်မှ ခလုတ်နှိပ်ကီးပတ်ဖုန်းလေးကို သွားယူလာသည်။ ထို့နောက် ခလုတ်ကလေးများပေါ်မှ မထင်မရှားမှေးမှိန်မှိန်နံပါတ်များကို ဒေါ်စန်းကြည်နှိပ်လိုက်၏။

"ဒါက ရှစ်လား သုံးလားကြည့်စမ်းပါအုံးတော်။ ကျုပ်တော့ သေချာမမြင်ဘူး"

"ပေး ပေး။ ငါပဲနှိပ်ပေးမယ် မင်းက ငါ့လောက်သာဆံပင်မဖြူတာ ငါ့ထက်မျက်စိမွဲနေတယ်"

"ပြောထားပေါ့တော်"

ဦးမြင့်မောင် သူတို့၏သားဖုန်းကို ဆက်ကြည့်သည့်အခါ တစ်ဖက်ဖုန်းမှ ဆက်သွယ်မှုဧရိယာပြင်ပဆိုသည့်အသံကိုသာ ထပ်တလဲလဲကြားနေရသည်။

"လိုင်းမမိတာထင်တယ် မစန်းကြည်ရ"

ဤသို့ဖြင့် ထပ်ခါထပ်ခါ ပြန်ဆက်နေသော်လည်း တစ်ဖက်ဖုန်းမှ ယခင်ကအတိုင်းပင် ကြားနေရ၏။

(၆)

ညပင် ကိုးနာရီရှိနေလေပြီ။

လေးကြိမ်မြောက် ထပ်ထွန်းထားသည့် ရောင်စုံမီးပုံးများသည်လည်း ငြိမ်းလုနီးပါး ပြနေကြသည်။ ထိုစဉ် ဖုန်းလေးမှာအသံမည်လာသည်။ အိပ်မပျော်ကြသေးဘဲ ပြတင်းပေါက်ဝလေးနားတွင် အတွေးကိုယ်စီဖြင့်တိတ်ဆိတ်နေသည့် ဦးမြင့်မောင်တို့လင်မယားနှစ်ဦးလည်း သားဆီမှဖုန်းဆက်လာသည်မှန်းသိ၍ ညှိုးငယ်နေသောမျက်နှာများမှာ ဝင်းလက်သွားကြသည်။

"ဟဲလို ... အေး သားရေ"

"အမေ သားတို့မလာဖြစ်တော့ဘူးအမေရယ်။ ကျွန်တော့်ယောက္ခမကြီးလင်မယားက ဖိုးလပြည့်မွေးနေ့ကို ပြင်ဦးလွင်ခြံမှာ ညပွဲလေးလုပ်ပေးဖို့စီစဉ်ထားလို့တဲ့။ အဲဒါကြောင့် သားတို့ အခုအဲဒီကို ရောက်နေပြီ"

ရေနွေးကြမ်းခုံပေါ်တွင် စပီကာချဲ့ကာ တင်ထားသည့် ဖုန်းလေးဆီမှကြားလိုက်ရသောစကားကြောင့် ဦးမြင့်မောင်နှင့် ဒေါ်စန်းကြည်တို့နှစ်ဦးသားဆွံ့အသွားကြသည့်အလား ပါးစပ်အဟောင်းသားဖြင့်တစ်ခွန်းမျှ ပြန်မပြောနိုင်ကြတော့ဘဲ တိတ်ဆိတ်သွားကြသည်။

"ဟဲလို... အမေ ကျွန်တော်ပြောတာကြားလား ဟဲလို ဟဲလို"

တစ်ဖက်ဖုန်းမှ ဟဲလိုဟု အတန်ကြာပြောနေရင်းမှတုံ့ပြန်သံမကြား၍ ဖုန်းချသွား၏။ ဦးမြင့်မောင်နှင့် ဒေါ်စန်းကြည်တို့နှစ်ဦးမှာတော့ နှုတ်ဆိတ်ငြိမ်သက်နေကြဆဲ။ ထို့နောက် ခေတ္တငြိမ်သက်သွားကြသော သူတို့၏ ဖျော့တော့တော့မျက်ဝန်းနှစ်စုံသည် ငြိမ်းလုလုရောင်စုံမီးပုံးအလင်းအောက်တွင် စိုလဲ့လဲ့ဖြစ်လာကြသည်။

ဦးမြင့်မောင်က မျက်ရည်စို့လာသည့်သူ၏မျက်လုံးကို ဒေါ်စန်းကြည်မမြင်အောင်တစ်ဖက်သို့ မသိမသာလှည့်ကာသုတ်၏။ ဒေါ်စန်းကြည်မှာတော့ မျက်ရည်စိုလဲ့လဲ့ဖြစ်နေရာမှ မျက်ဝန်းအိမ်တစ်ခုလုံး တဖြည်းဖြည်းပြည့်လျှံလာသည်။ ဤသည်ကိုမြင်သည့် ဦးမြင့်မောင်က မသိမသာချောင်းဟန့်ကာဖြင့် အသံပေးလိုက်သည်။

"အဟမ်း"

ချောင်းဟန့်သံကြားမှသာ ဒေါ်စန်းကြည်က သူ၏မျက်ရည်များကို မျက်တောင်ကလေးပုတ်ကာပုတ်ကာဖြင့် ဖြည်းညင်းစွာလှုပ်ချနေလေ၏။

"မစန်းကြည် ငိုနေတာလား"

"အို... ဘာလို့ငိုရမှာတုံး။ ကျုပ်တို့မြေးကလေးက သူ့မွေးနေ့ပွဲကို ခမ်းခမ်းနားနားနဲ့ပျော်ရမှာလေ ကျုပ်ကငိုစရာလား။ ဝမ်းတောင်သာနေသေးတယ်"

ပြောသာပြောနေသည်။ ဒေါ်စန်းကြည်၏ တုန်ယင်နေသည့် စကားသံများနှင့် မီးရောင်အောက်မှ စိုလက်နေသည့်မျက်ဝန်းတစ်စုံက ဖုံးသော်လည်း မလုံနိုင်။

"ကျုပ်ကိုသာမေးနေတာ တော်ကျတော့ရော ငိုနေတာမလား "

"ဟာ ... ဘယ်ကလာ။ ငါကယောက်ျားလေကွာ ငိုစရာလား။ ပြီးတော့တို့မြေးကလေးက ဟိုမှာ ကိတ်အကောင်းစားကြီးတွေရယ်၊ ရောင်စုံမီးလုံးတွေရယ်၊ ဧည့်သည်တွေအများကြီးရယ် အဲဒီလိုပျော်ပျော်ပါးပါးလုပ်ရမှာလေ ငါလဲဝမ်းတောင်သာနေသေးတယ် "

"ဒါဆိုဘာလို့ ကျုပ်ကို ငိုနေလားလို့မေးလဲ"

ဒေါ်စန်းကြည်က ဦးမြင့်မောင်ကို သူ၏စိုနေသည့်မျက်ဝန်းဖြင့် မျက်စောင်းတစ်ချက်ခဲလိုက်သည်။ ထို့နောက်တွင်တော့ သူတို့နှစ်ဦး၏ စကားသံများလည်းတိတ်ဆိတ်သွားကြသည်။

မီးပုံးကလေးများလည်း ထပ်မံငြိမ်းသွားကြလေပြီ။ တစ်ခုတည်းသာကျန်ခဲ့သည့် ဘုရားကျောင်းဆောင်မှ ဖယောင်းတိုင်မီးကသာ တစ်အိမ်လုံးကိုအလင်းပေးကျန်ရစ်နေလေတော့သည်။ ထိုမီးရောင်အောက်တွင်မူ သူတို့နှစ်ဦးသားနှုတ်ဆိတ်စွာ ကြည့်နေကြသည်မှာ ဖိုးလပြည့်ခြောက်နှစ်ပြည့်ဆိုသည့် စာတန်းပါမွေးနေ့ကိတ်ကလေးတစ်ခု။

သူတို့နှစ်ဦး၏ စိုလဲ့လဲ့မျက်ဝန်းထဲတွင်လည်း မွေးနေ့ကိတ်ကလေး သည် ရီဝေလျက်၊ မှုန်ဝါးလျက်.....။

---

## သစ္စာစံထား နှလုံးသားနှင့်

\- သစ်ပင်မြင့်က လေသင့်သည့်ဒဏ်
ခံရကြုံစေ ယိမ်းနွဲ့နေချိန်
အခြေမပျက် မူမပျက်ပင်
မြက်ရိုင်းပင်ပျို စိမ်းစိမ်းစိုလျက်
ထိုပြယုဂ်က လက်တွေ့ပြဆို
ငါ့ကိုသွန်သင် လမ်းကြောင်းထွင်ခဲ့။

\- ရာသီပြောင်းခိုက်
လမ်းကြုံလိုက်၍ တိုက်လေကြမ်းကြမ်း
မွှေနှောက်ယမ်းလည်း အစွမ်းကုန်ဝင့်
ပန်းစုံပွင့်၍ ပင်မြင့်ထက်၌
တင့်တယ်စွာစံ နေရာမှန်မြဲ။

\- သို့ဖြစ်ပေရာ
ကဗျာနှင့် ငါ လှမ်းဆက်ရာဝယ်
မာယာမုန်တိုင်း ဇောမာန်ရိုင်းတွေ
သိုင်းဝိုင်းချဲ့ထွင် ဓာတ်ကွက်ဆင်၍
မုန်းပင်စိုက်ပျိုး သူငါငြိုးလည်း
ရိုးသားမှု "စံ" ဦးထိပ်ပန်လျက်
အန်တုလေရင်း ရွက်လွှင့်ရင်းပင်။

\- နူးညံ့မွှေးသက် ပျော်ဝင်လျက်ဖြင့်
မိုးထက်မြင့်မား ကာရန်ကြားမှာ
ခွန်အားအဖြစ် ပြောင်းလဲပစ်၍
ကိုယ်ချစ်ကြင်ရာ စာကဗျာများ
ဖွားသစ်မြဲသာ ထုဆစ်ကာဖြင့်
သစ္စာစံထား နှလုံးသားနှင့်
အားသွန်မှန်းရည် လျှောက်လှမ်းပြီမို့
ယုံကြည်မပျက် ရှေ့သို့ချီ
စာပေရပ်ဝန်း ခရီးရှည်
ပြည်ရွာအကျိုးတွက် ဖြစ်ရမည်။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

---

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တစ်ရံရောအခါက မှတ်စုများ

ရွာသားဖိုးမောင်

**❖ မတုံ့ပြန်မီ၊ မပြောမီ၊ မပြုမီမှာ အလွယ်တကူမပြောနှင့်၊ မလုပ်နှင့်၊ မသေချာမရေရာတာကို မယုံလွယ်နှင့်။ ယုံကြည်သဖြင့် ပြောပြီ၊ လုပ်ပြီ၊ အဖြေပေးလိုက်ပြီးပြီဟုဆိုလျှင်ကား ရေဆုံးရေဖျားလိုက်ပေတော့။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟူသော စကားပုံအတိုင်း မိမိဆုံးဖြတ်လိုက်သည့်အတိုင်းလိုက်ပါရန်သာ။ ဘုရင့်နောင်ဦးဆောင်တိုက်ခိုက်သော နောင်ရိုးတိုက်ပွဲ၏ သေသေရှင်ရှင်တိုက်ခိုက်၍ အင်အားအဆမတန်နည်းပါလျက်နှင့် အောင်ပွဲခံနိုင်ခြင်းက နမူနာယူစရာသင်ခန်းစာပေတည်း။ ❖**

ရုပ်မြင်သံကြားဌာနများမှ နေ့စဉ်၊ အပတ်စဉ်၊ အခါအားလျော်စွာ ဟောပြောချက်ထုတ်လွှင့်နေကြသူများအနက် စာရေးသူအတော်ပင်လေးစားသဘောကျမိသော လူငယ်တစ်ဦးရှိပါသည်။ သူက သတင်းနည်းပညာကို အခြားအဖွဲ့များထက် ပိုမိုတတ်မြောက်သည်။ ပရိသတ်စိတ်ဝင်စားအောင် ဆွဲဆောင်တတ်သည်။ အကြောင်းအရာကောင်းများ ဖန်တီးတင်ဆက်နိုင်အောင် ကြိုးစားလေ့လာခြင်း၊ စာဖတ်များခြင်း၊ ခရီးသွားနိုင်ခြင်း၊ အနုပညာခံစားမှုပရိယာယ်ကို နားလည်ခြင်း၊ စကားအသုံးအနှုန်း၊ လေသံ၊ အတင်အချ၊ အနီးအဝေး၊ ကောင်းစွာချိန်ဆအသုံးပြုတတ်ခြင်း စသောချီးကျူးစရာအချက်များစွာ တွေ့ခဲ့ရပါသည်။

တစ်နေ့က သူ၏ ခရီးသွားအတွေ့အကြုံတစ်ခုအကြောင်းကို ပြန်လည်ပြောပြသည်ကို ကြားသိရသောအခါ သူကိုယ်တိုင်နောင်တရ စိတ်မကောင်းဖြစ်သကဲ့သို့ မိမိတို့ပရိသတ်များလည်း စိတ်မကောင်းဖြစ်မိရပါ၏။ အတိုချုံ့ပြောရလျှင်ကား ဥရောပတိုက်ရှိ နိုင်ငံတစ်နိုင်ငံသို့ သူခရီးသွားစဉ် ထုံးစံအတိုင်း တစ်ဦးတည်းသာဖြစ်သည့်အလျောက် တောမြို့မီးရထားဘူတာလေးတစ်ခု၌ ရထားမလာခင် ဟိုငေးသည်ငေးစောင့်နေရစဉ် လူလိမ်တစ်ဦးက မျက်လှည့်ပြသကဲ့သို့ ပိုက်ဆံအကြွေလဲသလိုလိုနှင့် ပေါင်လား၊ ဒေါ်လာလား ၂၀ လောက်လိမ်ယူသွားခြင်းကို(လိမ်တော့မယ်၊ လိမ်နေတယ်) သိသိကြီးနှင့် ခံလိုက်ရပုံကို ပြန်ပြောပြခြင်းဖြစ်ပါသည်။ သူက တော့ အားနာတတ်ခြင်း၊ မူလက သူတစ်ပါးအကူအညီလိုလျှင် ကူညီချင်တတ်သောသဘောထားရှိခဲ့ခြင်းကြောင့် သူ့မှာ သိနေလျက်နှင့် ပိုက်ဆံလိမ်ယူသွားသည်ကို ခံရသည်ဟု သင်ခန်းစာယူချင်ပုံရလေသည်။

စာရေးသူအမြင်ကတော့ အားနာမှုနှင့်ကူညီလိုစိတ်ရှိမှုတို့ကြောင့် အလိမ်ခံလိုက်ရသည်ဟုကောက်ချက်မဆွဲထိုက်ဟု တင်ပြချင်ပါသည်။ ထိုအကြောင်းအချက်များလည်း ပါကောင်းပါနိုင်ပါ၏။ အဓိကအကျဆုံးသောသူ၏အားနည်းချက်ကို(ဟောပြောသူဆရာနှင့် ပရိသတ်ပါ) အမှန်အတိုင်း တိတိကျကျထောက်ပြရလျှင်ကား သူ့စိတ်တွင် ထိုအချိန်က မတင်မကျဇဝေဇဝါဝေခွဲမရ၊ ဒွိဟစိတ်ရှိနေခဲ့ခြင်းသည်သာ မူလအရင်းအမြစ်၊ အကြောင်းရင်းခံဖြစ်ပေတော့သည်။

မြန်မာလိုဆိုရလျှင် **"ဆုံးဖြတ်ချက်ပြတ်သားမှု"** အားနည်း၍ ခံလိုက်ရခြင်းပါ။ "ဟ... ဒီကောင်ငါ့ကိုကပ်နေတာ၊ ပြောလာတာ လိမ်မလို့"ဆိုတာသိနေပါလျက်နှင့် မရဘူး။ မပေးဘူး။ မကူညီနိုင်ဘူး။ "No"ဟု ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသား ပယ်မချခဲ့မိခြင်းကြောင့်သာ ဤအဖြစ်အပျက်ဇာတ်လမ်းကပြလိုက်ရခြင်းပါ။

ဤအချက်က အင်္ဂလိပ်လိုကတော့ **ဆုံးဖြတ်ချက်ပြတ်သားရခြင်း**(Determination) ဟု ဆိုကြ၏။

မတုံ့ပြန်မီ၊ မပြောမီ၊ မပြုမီမှာ အလွယ်တကူမပြောနှင့်၊ မလုပ်နှင့်၊ မသေချာမရေရာတာကို မယုံလွယ်နှင့်။ ယုံကြည်သဖြင့် ပြောပြီ၊ လုပ်ပြီ၊ အဖြေပေးလိုက်ပြီးပြီဟုဆိုလျှင်ကား ရေဆုံးရေဖျားလိုက်ပေတော့။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟူသော စကားပုံအတိုင်း မိမိဆုံးဖြတ်လိုက်သည့်အတိုင်းလိုက်ပါရန်သာ။ ဘုရင့်နောင် ဦးဆောင်တိုက်ခိုက်သော နောင်ရိုးတိုက်ပွဲ၏ သေသေရှင်ရှင်တိုက်ခိုက်၍ အင်အားအဆမတန်နည်းပါလျက်နှင့် အောင်ပွဲခံနိုင်ခြင်းက နမူနာယူစရာသင်ခန်းစာပေတည်း။

မယုံမရဲနှင့် စိုစိစိုစိမလုပ်လေနှင့်။ မအောင်မြင်။ **မိမိ၏လုပ်ငန်းဆောင်တာမှာ အောင်မြင်ချင်လျှင် အခြေခံအောင်မြင်စေသောအကြောင်းရင်းခံသဘောတရားကြီးများ(Principle)ဆိုတာ ရှိနေနှင့်ပြီးသားပါ။ ပထမ နားလည်သိမြင်ထားအောင် လေ့လာကျက်မှတ်ရပါသည်။ ဒုတိယအခြေအနေအချိန်အခါနှင့် ချင့်ချိန်သုံးသပ်လျက် လက်တွေ့ဘဝတွင် ထိရောက်စွာ ထိုအချက်များကို အသုံးချရပါမည်။**

ဥပမာ"**ခေါင်းဆောင်မှုဥပဒေသ**"ဆိုပါစို့။ အချို့က ၇ ချက်၊ အချို့က ၁၀ ချက်၊ အချို့က ၂၁ ချက် ဖော်ပြခဲ့ကြပါသည်။ အရင်းအမြစ်အခြေခံရေသောက်မြစ် အဓိကအကျဆုံးအချက်တစ်ခုသာပြောပါဟု ဆိုလာပါက ဤအရာပေတည်း။ **"ခေါင်းဆောင်က စံနမူနာကောင်းပြရမည်။"** ဤအချက်မရှိလျှင် ခေါင်းဆောင်မှုဟူသော ဩဇာသက်ရောက်လွှမ်းမိုးနိုင်ခြင်းမရှိနိုင်ပေ။

(အချို့က ကံအားလျော်စွာခေါင်းဆောင်နေရာသို့ မထင်မှတ်ဘဲရောက်လာကြသည်။ ခေါင်းဆောင်မှုဥပဒေသ (၁)အချက် **"ခေါင်းဆောင်က စံနမူနာကောင်းပြသနိုင်ရမည်။"** ဟူသောအချက်ကိုပင် သိပုံမရ။ တစ်နေ့တစ်မျိုး အဝတ်အစားလဲလှယ်ပြီး မော့တော့မော့တော့ဟန်ရေးပြနေသော်လည်း ကွယ်ရာမှာ မဟုတ်တာ၊ မမှန်တာ၊ မလုပ်သင့်သည်များကို မဆင်မခြင်ကျူးလွန်မှားယွင်းနေခဲ့၏။ ခေါင်းဆောင်ဘဝမှ ခေါင်းဆောင်မှုမရဘဲ ကျရှုံးကြရလေသည်။ ဥပဒေသကို မည်သူမျှမကျော်လွှားနိုင်ပေ။ ချစ်ခြင်း၊ မုန်းခြင်းက အဆုံးအဖြတ်မပေးနိုင်ချေ။)

"**သတင်းပြန်ကြားရေး**တွင် အောင်မြင်ရာသောအကြောင်းကြီးများမည်မျှရှိသနည်း။ များများမရှိပါ။ သတင်းစာနယ်ပယ်၊ ပြန်ကြားရေးလောက၊ အသက်မွေးနေကြသူတချို့ပင် မသိကြပါ။ မသုံးတတ်ကြပါ။ **အခြေခံဥပဒေသက (Principle of Information) သုံးချက်သာရှိပါ၏။ သိရမည်။ သုံးရမည်။**

၁။ Speed, Swift, Prompt, Rapid, Quick.
**မြန်ရမည်၊** လတ်ဆတ်ရမည်၊ မပုပ်မသိုးစေရ။

၂။ Right, Correct, Consistency, Resonable, Relivent, True.
**မှန်ရမည်။** စစ်မှန်ရမည်၊ အကြောင်းအရာမှန်ရ၊ အချက်အလက်မှန်ကန်ရ၊ အခြေအမြစ်ခိုင်လုံရ။ လိမ်ညာမုသားမပါရ။ ချဲ့ကားလှည့်စားမဟုတ်ရ။

၃။ Impact.
**ထိရောက်ရမည်။** ထိရောက်အောင် နည်းပညာ၊ အတတ်ပညာအရည်အချင်းပြည့်ဝစွမ်းဆောင်နိုင်ရပါမည်။ အစဉ်လေ့လာ၊ အမြဲလေ့ကျင့်၊ မပြတ်တမ်း သွေးနွေး၊ သနေကြရမည်။ သို့ရာတွင်...ရှိစေတော့။

သတင်းမီဒီယာလောကကြီးက ရှေ့ဆောင်နေသောခေတ်(Information Technology Age)ဟု ပြောဆိုနေသော ခေတ်ကာလထဲမှာပင် မြန်လည်းမမြန်၊ မှန်လည်းမမှန်၊ ထိရောက်အောင်လည်း မလုပ်တတ်ဘဲ တောရောက်တောင်ရောက်နှင့်သာ မျက်စိလည်နေရှာသူတွေလည်းမနည်းလှပါချေ။ မည်သူ့ကိုမျှ အပြစ်မဆိုပေ။ အောင်မြင်ကြောင်းဥပဒေသကိုမှ အသုံးမချသူများကို ပြောဆိုနေလည်း မောရုံသာရှိပေတော့မည်။

**မှန်အောင်၊ မြန်အောင်၊ ထိရောက်အောင် လုပ်ဆောင်တတ်သူများက ခေတ်မီစွာအောင်မြင်တိုးတက်စေရန် အကောင်အထည်ဖော်သွားကြပေလိမ့်မည်။**

စာရေးသူသည် အစိုးရဝန်ထမ်းလခစားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။ ငွေကြေးအကျိုးအမြတ်ရနိုင်သော ကုန်သွယ်ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ ကုန်ထုတ်လုပ်ခြင်း စသည်တို့ကို ဘာမျှမလုပ်ခဲ့ဖူးပေ။ နိုင်ငံ့ဝန်ထမ်း(ပြည်သူ့ဝန်ထမ်း)အဖြစ် ကျရာနေရာ၊ ပေးရာတာဝန်များကို ဝန်ဆောင်ခဲ့ပါသည်။ အိုမင်းသောအရွယ် ပင်စင်ယူရသည်ထိ နှစ်ပေါင်းများစွာ လခစားလုပ်ခဲ့ပါ၏။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို လေ့လာမှတ်သားခဲ့ပါ၏။ ရေးမှတ်ထားသောမှတ်စုကိုလည်း အကြိမ်ကြိမ်ဖတ်ခဲ့ပါ၏။

ဝန်ထမ်းအလုပ်ကို လခစားလုပ်နေကြပါသော်လည်း ကိုယ့်မြင်းကိုယ်စီးပြီး အထီးမှန်း၊ အမမှန်းမသိကြသူတွေလည်း မြင်တွေ့ခဲ့ရပါ၏။ တွေ့ရကြုံရဖူးပါ ၏။ ကျွမ်းထိုးမှောက်ခုံလဲသူလဲ၊ ကွဲသူကွဲ၊ ချောက်ထဲကျင်းထဲကျလို့ကျ၊ ဗွက်တော၊ ဆူးတောထဲရောက်သွားသူရောက်။ သနားစရာကောင်းသော နိုင်ငံ့ဝန်ထမ်းအချို့ကို မြင်ရသောအခါ စိတ်မသက်သာပါ။

စာရေးသူ ဝန်ထမ်းအဖွဲ့အစည်းတစ်ခု၏အကြီးအကဲဖြစ်ခဲ့ဖူးပါသည်။ လက်အောက်ဝန်ထမ်းအားလုံးကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို အခါမလပ်သင်ကြား၊ ဆွေးနွေး၊ စစ်ဆေးလျက် မသိသူမရှိအောင်(အမုန်းခံ၍) ကွပ်ကဲကြပ်မတ်၊ လေ့ကျင့်ပေးခဲ့ပါသည်။ သူ့အလုပ်သူ့တာဝန်ကို ကောင်းစွာသိမြင်သောဝန်ထမ်းသည် ကျင့်ဝတ်လိုက်နာပြီးသားဖြစ်သည်။ စည်းကမ်းကောင်းကြလေသည်။ ဥပဒေ၊ နည်းဥပဒေများကို နိုင်ငံ့ဝန်ထမ်းများ သိလည်းမသိ၊ နားလည်မလည်၊ ကျင့်သုံးလိုက်နာမှုလည်းအားနည်းနေပါက မိမိဝန်ထမ်းများကို စဉ်ဆက်မပြတ်အရည်အသွေးခေတ်မီမြင့်မားအောင် မြှင့်တင်ပျိုးထောင်ပေးရကောင်းမှန်းမသိသော ညွှန်ကြားရေးမှူး စသည့်လခပိုများများရယူပြီး တာဝန်မကျေခဲ့သူများမှာလည်း တာဝန်မကင်းပေ။

ဝန်ထမ်းများအရည်အသွေး၊ အတွေ့အကြုံ၊ လုပ်ငန်းကျွမ်းကျင်မှု၊ သစ္စာရှိမှု၊ နိုင်ငံနှင့်လူမျိုးအကျိုးကို ဆောင်နိုင်မှုအတွက် ရာထူး၊ ဘွဲ့ထူး၊ ဂုဏ်ထူးတွေ နိုင်ငံတော်အစိုးရအဆက်ဆက်က ချီးမြှင့်ထောက်ပံ့ခဲ့ပါ၏။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းအများစုသည် ဘာအချက်တွေနှင့် အကဲဖြတ်တန်ဖိုးသတ်မှတ်ပြီး ရာထူးတိုးခြင်း၊ ဂုဏ်ပြုခြင်း၊ ဆုပေးခြင်းတွေလုပ်နေပါသလဲ။ မသိကြပေ။ သိအောင်သင်ကြားပြသရမည်က ဌာနအားလုံးက အသီးသီးသောညွှန်ကြားရေးမှူးလစာယူထားကြသူများပေတည်း။ သူတို့က လက်အောက်ငယ်သားများ ဘာလိုအပ်သလဲကို မကြည့်။ နိုင်ငံ့ဝန်ထမ်းအရာရှိမဟုတ်သူများ ဘာတွေကြည့်နေသလဲ၊ ဘာတွေသိနေသလဲ လေ့လာထိတွေ့မှုလည်း သိပ်မရှိလှ။ နေ့စဉ် ရုံးလာ၊ ရုံးအလုပ်စိတ်မပါ့တပါပဲလုပ်။ ရုံးဆင်းချိန်ရောက်တော့ အိမ်ပြန်။ ဘာတွေအခက်အခဲရှိနေသလဲဆိုတာလည်း မထိတွေ့၊ မလေ့လာ။ သိအောင်မြင်အောင်၊ ဖြေရှင်းပေးရအောင် စေတနာလည်းမရှိ။ နည်းလမ်းရှာဖွေရန်လည်းမသိ။ အရည်အသွေးကောစိတ်ကောင်းစေတနာပါခေါင်းပါးကြသော အစိုးရအရာထမ်း၊ အရာရှိများကို လူသစ်စိတ်သစ်ဖြစ်အောင်ကား အဘယ်သူများက ခေါင်းဆောင်မှုကောင်းစွာပြောင်းလဲ ကယ်တင်ကြမည်လည်းတော့မသိ။

တကယ်တော့ နိုင်ငံ့ဝန်ထမ်းများမှာ တက်လမ်းအခွင့်အရေးရှိကြပါသည်။ မသိတော့ဘေးချော်ပြီး ကြိုးမဲ့လေတံခွန်လေးများပမာ လွင့်ပါသွားရှာကြခြင်းဟုသာ ထင်ပါသည်။ စာမဖတ်၊ ပေမဖတ်၊ သတင်းစာနှင့်ရုပ်မြင်သံကြားကိုလည်းမကြည့်။ ဖုန်းထဲမှာ မြင်ရဖတ်ရသော မုသာဝါဒအညာအလှိုင်းတွေထဲသာ မျောပါသွား၊ အဟုတ်ထင်မှတ်။

နိုင်ငံပိုင်သတင်းစာမှာ ဆောင်းပါးရေးနေကြသော မိမိတို့မှာလည်း အားနည်းချက်တွေ များလှပေသည်။ ဖတ်ချင်စဖွယ်ကောင်းအောင်လည်း မရေးတတ်ကြ။ ဖတ်၍မှတ်သားချင်အောင်လည်း မဆွဲဆောင်နိုင်။ တစ်ခါလာလည်း မဲပြာပုဆိုးနှင့် ရိုးအီနေသောစကားလုံးများ၊ ဝဲလည်နေသော ဝါကျများနှင့်သာ ထုံပေပေဖြစ်နေခဲ့လေသလား။ ကြိုးစားကြရပါဦးမည်။

ပညာပေးသည်ဆိုမှတော့ အကျိုးရှိလောက်အောင်၊ ထိရောက်အောင် တိတိကျကျ၊ ဂဃနဏ၊ လှလှပပပေးမှ တော်ပေမည်။ **နိုင်ငံ့ဝန်ထမ်းတိုင်းအတွက် အောင်မြင်ရေးထွက်ပေါက်က မိမိကိုယ်ကို အရည်အချင်း အရည်အသွေးမြင့်မားလာအောင် ပြုပြင်ပြောင်းလဲရန်ပဲ ဖြစ်ပါ၏။** ရာထူးတိုးရန် အကဲဖြတ်အမှတ်ပေးသောအရာများ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေမှာရှိပါ၏။ ဒါလေးတော့သိနေအောင် ကူးရေး၍ မှတ်သားသင့်သည်မဟုတ်လား။ ဤအလုပ်နှင့် ထမင်းစားနေရသည်ကိုး။

၁။ **လုပ်ငန်းကျွမ်းကျင်မှုနှင့် အထူးကြိုးစားထမ်းဆောင်ခြင်း။**
၂။ **စိတ်ဓာတ်ကောင်းမွန်ခြင်း၊ နိုင်ငံတော်နှင့်ဌာနအကျိုးအတွက် စေတနာထားခြင်း။**
၃။ **အထက်အရာရှိနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ်သစ္စာရှိခြင်း (သစ္စာဖောက်သူများထမင်းအိုးကွဲခဲ့ရ)။**
၄။ **တီထွင်ကြံဆလုပ်ကိုင်တတ်ခြင်း။**
၅။ **ကျွမ်းကျင်မှုအရာတွင် အရည်အချင်းထူးကဲသာလွန်ခြင်း။**
၆။ **ခေါင်းဆောင်မှုကောင်းခြင်း။**
၇။ **အကျင့်စာရိတ္တကောင်းမွန်ခြင်း။**

တိုးတက်အောင်မြင်ကြပါစေ။

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၃၉၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၃၉၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၃၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၃၉၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ၅၆၃၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၃၉၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ် "ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ငါးရံ့ခြောက်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်နှင့်အခြားဒေသများက ဝယ်ယူအားကောင်းနေခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။



"မအူပင်မြို့နယ်ကနေ ငါးရံ့ခြောက်တွေကို ရန်ကုန်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ဇန်နဝါရီလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ငါးရံ့ခြောက်တွေက အကြီးအသေးအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ အခုလို အရောင်းအဝယ် ကောင်းလာတာကြောင့် ရေထွက်ကုန်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအကုန် အဆင်ပြေနေပါတယ်"ဟု မအူပင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ တင်ပို့ရောင်းချသည့် ငါးရံ့ခြောက် တစ်ပိဿာလျှင် အရွယ်အစားအပေါ် မူတည်၍ ငွေကျပ် ၄၅၀၀၀ မှ ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် နောက်ရပ်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟဲယာရွာမ ကျေးရွာအုပ်စု နောက်ရပ်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက နောက်ရပ်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ချည်ထည်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းအဖွဲ့ဝင်များ၊ ချည်ထည်လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နောက်ရပ်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ချည်ထည်လုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့နှစ်ဖွဲ့ကို စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပြည်မြို့နယ် အင်းဝင်းကျေးရွာ၌ လျှပ်စစ်မီးရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အင်းဝင်းကျေးရွာ၌ ကျေးရွာလျှပ်စစ်မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အင်းဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း လျှပ်စစ်မီးတိုင် စိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့စေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် အင်းဝင်းကျေးရွာ၌ အရှည် ပေ ၅၂၀၀ ရှိ လျှပ်စစ်မီးတိုင် စိုက်ထူခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၅ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် အင်းဝင်းကျေးရွာရှိ အိမ်ခြေ ၁၄၁ အိမ် လျှပ်စစ်မီးရရှိနေပြီး လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုလေး**

# လယ်ဝေးမြို့နယ် ပင်သောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်သောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်နေပြည်သူများ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပင်သောင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၁၀၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ နေကြာနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၁၀၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# သနပ်ခါးအကြောင်းသိကောင်းစရာ

ကိုဇော်ဌေး(ယဉ်ကျေးမှု)



မြန်မာအမျိုးသမီးအများစုသည် သနပ်ခါးကို အမြတ်တနိုးနှစ်သက်စွာ လိမ်းကျံကြသည်။ မြန်မာအမျိုးသမီးများတွင် သနပ်ခါးကို မခုံမင် မနှစ်သက်သူ အလွန်ရှားသည်။ ခေတ်ပေါ်အလှ ခြယ်ပစ္စည်းများ အသုံးများစေကာမူ သနပ်ခါးနှင့် ကင်းနိုင်သူ မြန်မာအမျိုးသမီးအရေအတွက်သည် အလွန်နည်းသည်။ သနပ်ခါးသည် စိတ်ကြည်လင် လန်းဆန်းဖွယ်ရာ သင်းပျံ့သောရနံ့နှင့်ပြည့်စုံခြင်း၊ အသားအရေကို အေးမြစေခြင်း၊ ချောမွတ်စေခြင်း စသောဂုဏ်များနှင့်ပြည့်စုံသည်။ ရှေးခေတ်နန်းတွင်း သူများမှအစ ကောက်စိုက်သမများအဆုံး သနပ်ခါးကို နှစ်သက်စွာလိမ်းကျံကြသည်။ သနပ်ခါးလိမ်းကျံထားလျှင် လိမ်းထားသူရော ပတ်ဝန်းကျင်ရှိသူများပါ နှစ်သက်ဖွယ်ရာ ထုံသင်းသောရနံ့ရရှိစေသည်။ အပူချိန်လွန်ကဲသောဓာတ်သဘာဝကို သနပ်ခါးက ပြောင်းလဲစေနိုင်သည့်အပြင် အေးမြကြည်လင်သော ဓာတ်သဘောကိုလည်းဖန်တီးပေးနိုင်သည်။ မြန်မာ့ဆေးလောကတွင် သနပ်ခါးကို ဆေးတစ်မည် အဖြစ်လည်း အသုံးပြုကြသည်။

သနပ်ခါးအခေါက်၊ သနပ်ခါးအသား၊ သနပ်ခါး အနှစ် စသည်တို့၌ အခေါက်ကိုသုံးစွဲခြင်းက ပို၍များလေသည်။ သနပ်ခါးကို သွေးလိမ်းသော် ကိုယ်သင်းရနံ့ကောင်းလှသည့်အပြင် ခန္ဓာကိုယ်အတွင်းမှ မကောင်းသောသွေးသားများကို သန့်ရှင်းစေ၍ သွေးဆိုးနှင့် ပတ်သက်သော စက်တန့်နာ၊ အကြိတ်ရောဂါတို့ကို ကာကွယ်နိုင်ရုံသာမက အမျိုးသမီးများ သွေးသားမှန်ပြီး သားအိမ်ရောဂါမဖြစ်နိုင်ဟု ရိုးရာအရယုံကြည်ကြသည်။ နေပူမိုးရွာမရှောင် အလုပ်လုပ်ကြရသည့် လယ်သူမများ၊ ခေါင်းရွက်ဈေးသည်များမှာ မျက်နှာတွင် တင်းတိပ်စွဲတတ်သဖြင့် တင်းတိပ်စွဲခြင်း၊ ဝက်ခြံပေါက်ခြင်း သက်သာစေရန် သနပ်ခါးကို နေ့စဉ်မှန်မှန်လိမ်းကြသည်။

မြန်မာအမျိုးသမီးများ လိမ်းကျံသောသနပ်ခါးသည် သနပ်ခါးပင်၏ အကိုင်းအခက်များကိုလည်းကောင်း၊ ပင်စည်ပင်လုံးများကိုလည်းကောင်း ခုတ်ဖြတ်ထားသော သနပ်ခါးတုံးများ သို့မဟုတ် သနပ်ခါးခေါက်များ၏ အပွေးများကို ကျောက်ပျဉ်ထက်တွင် ရေဖြင့်သွေး၍ ရရှိသောအနှစ်ကို လိမ်းကျံကြခြင်းဖြစ်သည်။ ရှေးနန်းတွင်းသူများကား ပို၍နူးညံ့သော သနပ်ခါးအနှစ်ကိုရရှိစေရန် သနပ်ခါးတုံးများကို အလျားလိုက်မသွေးဘဲ ထောင်၍သွေးကာ လိမ်းကျံကြသည်။ ထို့ပြင် မြန်မာအမျိုးသမီးများသည် သနပ်ခါးအနှစ်ကို အခြောက်ခံ၍ နုညက်လှသောအမှုန့်များပြုလုပ်ပြီးလျှင် ပေါင်ဒါသဖွယ် အသုံးပြုကြသည်။ ထိုသနပ်ခါးမှုန့်များသည် လိမ်းကျံထားသည့်အခါ ပြာခြင်း၊ ပြောင်ခြင်းမရှိဘဲ ဖုန်ဖုန်ကလေးနေသဖြင့် ရှုမြင်ရသည်မှာ နှစ်သက်ဖွယ်ဖြစ်သည်။

သနပ်ခါးနှင့်စပ်လျဉ်း၍ မြန်မာသက္ကရာဇ် ၇၄၅ ခုနှစ်၌ ရာဇာဓိရာဇ်မင်းသည် ဗညားနွဲ့မင်းသားဘဝနှင့် ဒဂုံသို့ ချီတက်ခဲ့သည်။ ဗညားနွဲ့၏ကြင်ယာသက်ထားက ရေး၍ပို့သော သုံးထောင့်အိုင်ချင်းတွင် "သနပ်ခါးကျောက်ပြားပေါ်တွင် သောက်ရေအေးနှင့်ရောသွေးပါလျှင်၊ နံ့သာအပေါ် ကျဲတတ်တယ်" ဟူသော စာသားကိုထောက်ရှုခြင်းဖြင့် သနပ်ခါးကို ထိုခေတ် ထိုအခါကာလကတည်းက အမျိုးသမီးများ သုံးရိုးသုံးစဉ်ဖြစ်နေသည်မှာ ထင်ရှားလေသည်။ အင်းဝခေတ် ဒုတိယမင်းခေါင်လက်ထက် သက္ကရာဇ် ၈၅၅ ခုနှစ်တွင် ရှင်မဟာရဋ္ဌသာရစပ်ဆိုခဲ့သော ဘူရိဒတ်ဇာတ်ပေါင်းပျို့၌ သနပ်ခါးမွှေးကို သွေး၍လူးသည့် ဥပမာနှင့် တင်စား၍ "ဤစာသာရ၊ ဂေါသီတကို၊ နားဝနှစ်ဖက်၊ မြကျောက်ထက်၌၊ ဉာဏ်လက်ကိုင်လေး၊ ဖြေးဖြေးသွေး၍၊ နံ့မွှေးတသုံ၊ လိမ်းလင့်ကုန်"ဟု စပ်ဆိုခဲ့သည်။ ထို့ကြောင့် အင်းဝခေတ်၌လည်း အမျိုးသမီးများ သနပ်ခါးကို စုံစုံမက်မက် လိမ်းခြယ်ခဲ့ကြသည်ဟု သိနိုင်သည်။ တောင်ငူခေတ် ရာဇဓာတုကလျာမင်းသမီးသည် မိမိအမြတ်တနိုးထားအသုံးပြုသော ကျောက်ပျဉ်ကို ပဲခူးရွှေမောဓော‌ဘုရား၏ ဌာပနာပစ္စည်းအဖြစ် လှူဒါန်းခဲ့သည်ကိုထောက်လျှင် သနပ်ခါးကို မဆိုထားနှင့် ၎င်းနှင့်ဆက်စပ်နေသော ကျောက်ပျဉ်ကိုပင် တန်ဖိုးထားကြောင်းသိနိုင်သည်။

မြန်မာအမျိုးသမီးများ အမြတ်တနိုးတန်ဖိုးထား လိမ်းကျံကြသော သနပ်ခါးပင်ကို ရုက္ခဗေဒအမည်အားဖြင့် "လင်မိုနီးယားအက်ဆစ်ဒီစီမား"ဟု ခေါ်သည်။ "ရုတေစီအီး" မျိုးရင်းတွင်ပါဝင်၍ သီး၊ ဥသျှစ်၊ လိမ္မော်၊ ရှောက်၊ သံပရာ၊ ပျဉ်းတော်သိမ် စသည့်အပင်တို့နှင့် မျိုးရင်းတူလေသည်။

အိန္ဒိယနိုင်ငံ ဟိမဝန္တာမြောက်ပိုင်းရှိတောင်တန်း၏ အနောက်မြောက်တောင်ခြေရင်း၊ ပေ ၄၀၀၀ ထိ အမြင့်ရှိသောဒေသများ၊ အာသံပြည်နယ်၊ သြရိဿပြည်နယ်တို့နှင့် ဒက္ခိဏကုန်းပြင်မြင့်ရှိ ခြောက်သွေ့သော ဒေသများတွင်လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း ရွှေဘိုခရိုင်မှတောင်ဘက် ပြည်ခရိုင်ထိဖြစ်သော မိုးခေါင်ရေရှားရပ်ဝန်းတွင် သနပ်ခါးပင်များ ပေါက်ရောက်ကြောင်းတွေ့ရှိရသည်။ ၎င်းတို့သည် သန်း၊ ဒဟတ်၊ ထနောင်း၊ ဆူးဖြူ၊ ရှား၊ တည်၊ ခံ စသောအပင်များနှင့်ရောနှော၍ ပေါက်တတ်သည်။

သနပ်ခါးပင်များသည် ပင်စည်လုံးပတ် သုံးပေခန့်ထိ ကြီးမားနိုင်သောအပင်ငယ်မျိုးဖြစ်၍ ရွက်ကြွေပင်မျိုးတွင်ပါဝင်သည်။ အကိုင်းဖျားများသည် တောင့်တင်းခိုင်မာ၍ ကိုင်းတက်များပေါ်တွင် ဆူးများရှိသည်။ ထိုဆူးများသည် ဖြောင့်တန်း၍ လက်မဝက်မှ တစ်လက်မခန့်ထိရှည်လေသည်။ သနပ်ခါးရွက်တို့သည် အစိမ်းရောင်ဖျော့သည်။

ရွက်လက် သို့မဟုတ် ရွက်တံတစ်ခုတွင် ရွက်မြွာကလေးများစုံပြိုင်ထွက်၍ ထိပ်ရွက်မြွာလည်း ပါရှိသော ရွက်ပေါင်းဖြစ်သည်။ ရွက်မြွာမစုံဟု ခေါ်သည်။ ထို့ပြင် ရွက်မြွာတစ်စုံနှင့် တစ်စုံကြား ရွက်လက်ရိုးတံ၏ တစ်ဖက်တစ်ချက်တွင် အရွက်ကလေးများတူသော လည်တောင်ပါရှိလေရာ ရွက်လက်ရိုးတံတစ်ဆစ်တစ်ဆစ်တွင် ရွက်မြွာတစ်စုံနှင့် လည်တောင်တို့ရှိနေပုံသည် ရွက်မြွာသုံးခုထွက်နေသကဲ့သို့ထင်ရသည်။ ရွက်မြွာကလေးများနှင့် လည်တောင်ကလေးများ၏ အနားသည် မညီဘဲ လွှသွားစိတ်များသဖွယ်ဖြစ်နေသည်။ သနပ်ခါးရွက်များကို ဝက်ရူးပြန်ရောဂါကုသရေးအတွက် အချို့ဒေသများတွင်အသုံးချသည်။

သနပ်ခါးပွင့်သည်ဖြူ၍ မွှေးကြိုင်သည်။ ပွင့်ဖတ်၌ ဆီအိမ်ကလေးများသည် ရေပေါက်ကလေးများသဖွယ်ပါရှိ၍ နေရောင်တွင်ထောင်ကြည့်လျှင် တွေ့မြင်နိုင်သည်။ အသီးသည်အခွံပျော့သော ဘယ်ရီသီးမျိုးဖြစ်၍ အချင်းလက်မဝက်ခန့်ရှိသည်။ မှည့်သည့်အခါ မည်းနက်သွားသည်။ ထိုအသီးကို အဆိပ်ဖြေဆေး၊ အားတိုးဆေးများတွင် အချို့က ထည့်သွင်းအသုံးပြုကြသည်။ သနပ်ခါးပင်၏ အသားသည် မာကျော၍ အဝါရောင်ရှိသည်။ မွှေးကြိုင်၍ ကျစ်လစ်သိပ်သည်းသည်။ အခြောက်ခံထား၍ အသားသေပြီးသော သနပ်ခါးသားဖြင့် ဆီကြိတ်ဆုံဝင်ရိုးများ၊ စပါးထောင်းမောင်းများ ပြုလုပ်ကြသည်။ ထို့ပြင် ပွတ်ထိုးရာတွင်လည်းကောင်း၊ ပန်းပုထုရာတွင်လည်းကောင်း၊ အတိုင်းအတာ ကိရိယာပစ္စည်းများ ပြုလုပ်ရာတွင်လည်းကောင်း

❖ မြန်မာအမျိုးသမီးများ လိမ်းကျံသောသနပ်ခါးသည် သနပ်ခါးပင်၏ အကိုင်းအခက်များကိုလည်းကောင်း၊ ပင်စည်ပင်လုံးများကိုလည်းကောင်း ခုတ်ဖြတ်ထားသောသနပ်ခါးတုံးများ သို့မဟုတ် သနပ်ခါးခေါက်များ၏ အပွေးများကို ကျောက်ပျဉ်ထက်တွင် ရေဖြင့်သွေး၍ ရရှိသောအနှစ်ကို လိမ်းကျံကြခြင်းဖြစ်သည်။ ရှေးနန်းတွင်းသူများကား ပို၍နူးညံ့သော သနပ်ခါးအနှစ်ကိုရရှိစေရန် သနပ်ခါးတုံးများကို အလျားလိုက်မသွေးဘဲ ထောင်၍သွေးကာ လိမ်းကျံကြသည်။ ထို့ပြင် မြန်မာအမျိုးသမီးများသည် သနပ်ခါးအနှစ်ကိုအခြောက်ခံ၍ နုညက်လှသောအမှုန့်များပြုလုပ်ပြီးလျှင် ပေါင်ဒါသဖွယ်အသုံးပြုကြသည်။ ❖

သနပ်ခါးသားကို အသုံးပြုနိုင်သည်။ သနပ်ခါးပင်၏ အမြစ်ကို ဝမ်းနုတ်ဆေးအဖြစ်အသုံးပြုသည်။

သနပ်ခါးပင်သည် အကြီးနှေးသည်။ တစ်နေရာနှင့်တစ်နေရာ၌ပင် အပင်ကြီးထွားနှုန်း မတူချေ။ ပင်စည်အချင်း နှစ်လက်မ(လက်ကောက်ဝတ်ခန့်) အရွယ်သို့ရောက်ရှိရန်ပင် သုံးနှစ်မှ ၁၀ နှစ်ခန့် ကြာမြင့်တတ်သည်။ နှေးကွေးစွာပေါက်ရောက်တတ်သော သနပ်ခါးပင်များကို စည်းမဲ့ကမ်းမဲ့ အမြစ်ပါတူးခုတ်ယူတတ်ကြသဖြင့် သနပ်ခါးပင်များ ရှားပါးလာသည်။ ဈေးကွက်များတွင် ရောင်းဝယ်ဖောက်ကားကြသော သနပ်ခါးအတုံးနှင့် အခေါက်များမှာ အချင်းလက်ကောက်ဝတ်ခန့်ရှိ၍ ခြောက်လက်မမှ ကိုးလက်မခန့်ရှည်သော အခေါက်ပါရှိသည့် ကျောက်တန်းသနပ်ခါးတုံးများ၊ အကျယ်လေးလက်မမှ ခြောက်လက်မထိရှိ၍ တစ်ပေခန့်ရှည်သော အခေါက်ပါရှိသည့် မြိုင်သနပ်ခါးခြမ်းများ ဟူ၍ဖြစ်သည်။ ကျောက်တန်းသနပ်ခါးအမျိုးအစားသည်ခြောက်သွေ့သော အင်တိုင်းကုန်းမြေတွင် ဆူးပင်၊ ချုံပုတ်များနှင့် ရောနှောပေါက်ရောက်၍ အကြီးနှေးသော သနပ်ခါးပင်များဖြစ်သည်။ ထိုအပင်မျိုးမှ သနပ်ခါးတုံးများသည် အလွန်ကျစ်လျစ်မာကျော၍ မွှေးကြိုင်သဖြင့် အမျိုးသမီးများအလွန်ခုံမင်နှစ်သက်ကြသည်။ ကြီးထွားမြန်သောသနပ်ခါးပင်ကြီးများကို ခုတ်လှဲကာ လွယ်ကူစွာသယ်ယူနိုင်ရန် သင့်တော်သောအပိုင်းအစများအဖြစ် ပိုင်းဖြတ်ပြီးလျှင် ခွဲခြမ်းရောင်းချကြသည်။

သနပ်ခါးထွက်သော မိုးနည်းရေရှားရပ်ဝန်းဒေသများအနက် ရွှေဘိုနယ်ထွက် သနပ်ခါးနှင့် ပခုက္ကူနယ်မှ ရှင်မတောင်သနပ်ခါးသည် ကျော်ကြားသည်။ ပခန်းသားများ၏ ပါးစပ်ရာဇဝင်အရ ရှေးအခါက အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်လာစဉ် ပခုက္ကူခရိုင် ပခန်းကြီးမြို့၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ၊ ရှင်မတောင်အနီးအပါး၌တည်ရှိသော တောင်နီတောင်သို့ရောက်ခဲ့သည်။ ထိုမင်း၏ မိဖုရားအသုံးပြုသော သနပ်ခါးအစ်တော်သည် တိမ်းစောင်းမှောက်သွားခဲ့သဖြင့် အလွန်မွှေးကြိုင်ထုံသင်းသော သွေးပြီးသား သနပ်ခါးရည်များ ဖိတ်စဉ်ကျကျန်ခဲ့သည်။ တောင်နီတောင်နှင့် ရှင်မတောင်သနပ်ခါးများသည် သနပ်ခါးအစ်တော်မှောက်သော နေရာဒေသတစ်ဝိုက်ဖြစ်၍ ထိုဒေသ၌ ပေါက်ရောက်သော သနပ်ခါးများသည် အခြားဒေသသနပ်ခါးများထက်မွှေးသည်ဟု ဆိုကြခြင်းဖြစ်သည်။

အချို့သောမြို့နယ်များတွင် ဒေသခံတို့သည် မိမိတို့ပိုင်မြေများပေါ်တွင် အလေ့ကျပေါက်သော သနပ်ခါးပင်များကို အပင်ငယ်စဉ်ခုတ်ယူခြင်း မပြုသေးဘဲ မွေးထားကာ သင့်လျော်သောအရွယ်သို့ရောက်ရှိလာမှ အပင်လိုက်ခုတ်ရောင်းခြင်းများရှိသည်။ သနပ်ခါးပင်ရှားပါးလာ၍ သနပ်ခါးလိမ်းသည့်ဓလေ့လည်း နည်းပါးလာသည်။ သနပ်ခါးလိမ်းခြယ်ခြင်းဓလေ့ ပျောက်ကွယ်သွားခြင်းမရှိစေရန် နိုင်ငံသူ၊ နိုင်ငံသားတို့၌ တာဝန်ရှိသည်။ ထိုတာဝန်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေတစ်ရပ်ကို ထိန်းသိမ်းနေခြင်းလည်းဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- မြန်မာစွယ်စုံကျမ်းအတွဲ(၁၂)
- မြန်မာ့သနပ်ခါး(ဦးသာလှ)

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**ဇင်မင်းထွေး(ဗန်းမော်)**

**❖ သစ်တောများသည် ကမ္ဘာ့လေထု၏ ၈၀ ရာခိုင်နှုန်းကို စုပ်ယူလျှော့ချပေးနိုင်သဖြင့် သစ်ပင်များကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်ပင်များရှင်သန်အောင် ဂရုစိုက်ခြင်း၊ သစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ပြုလုပ်ရမည်ဖြစ်သည်။ လူတစ်ဦးချင်းအနေဖြင့်လည်း ထိုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ ဥပမာ- လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ လျှပ်စစ်ဓာတ်အားချွေတာခြင်း၊ တစ်နိုင်တစ်ပိုင်သစ်ပင်များ စိုက်ပျိုးခြင်း စသည့်ဆောင်ရွက်ချက်များဖြစ်သည်။ ❖**

လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကို မှီခိုနေထိုင်ကြရသည်။ ကျောက်ခေတ်မှ ယနေ့ခေတ်တိုင်အောင် သဘာဝပတ်ဝန်းကျင် ရင်ခွင်ထဲတွင် ကျင်လည်ကျက်စားလာခဲ့ရသည်။ နောင်တွင်လည်း သဘာဝပတ်ဝန်းကျင်ကို ဆက်လက်မှီတွယ်ကြရဦးမည်ဖြစ်သည်။ လူသားတို့ မှီတင်းနေထိုင်ရာ တောတောင်၊ ရေ၊ မြေ၊ လေစသော သဘာဝပတ်ဝန်းကျင်သည် လူသားတို့အတွက် ကျေးဇူးကြီးမားသော မိတ်ဆွေကောင်းကြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတို့၏စားဝတ်နေရေးအတွက် လိုအပ်သော သယံဇာတများကိုထိုသဘာဝမိတ်ဆွေကောင်းကြီးထံမှ ရရှိသောကြောင့်ဖြစ်သည်။ လူသားတို့အပါအဝင် သက်ရှိသတ္တဝါတို့အသက်ရှင်သန်မှုအတွက် ရှူရှိုက်ရသော အောက်ဆီဂျင်ဓာတ်ကို သဘာဝလေထုက လက်ဆောင်အဖြစ်ပေးထားသည်။ တစ်မနက်ပင်အငတ်မခံနိုင်သော ရေသယံဇာတကို သဘာဝမိခင်မြေကြီးက တိုက်ကျွေးနေသည်။ ဤသို့ လူသားများစွာကို အကျိုးပြုနေသော သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးသည် လူသားတိုင်းပါဝင် ဆောင်ရွက်ရမည့်တာဝန်တစ်ရပ်ဖြစ်ပေသည်။

လူသားနှင့် သဘာဝပတ်ဝန်းကျင်သည် အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ လူသားတို့သည် သဘာဝပတ်ဝန်းကျင်တွင် အခြေချနေထိုင်ပြီး သဘာဝပတ်ဝန်းကျင်ကပေးသော သယံဇာတများကို အသုံးပြုရှင်သန်ရလေသည်။ မြေ၊ ရေ၊ လေတို့က လူသားတို့အတွက် အဖိုးတန်သည့်ကောင်းကျိုးတို့ကို စဉ်ဆက်မပြတ်ပေးအပ်နေသကဲ့သို့ ၎င်းတို့ချင်းလည်း အပြန်အလှန် ဆက်စပ်အမှီသဟဲပြုလျက်ရှိသည်။ ထို့အတူ ထိုမြေ၊ ရေ၊ လေတို့နှင့် လူသားတို့သည်လည်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အပြန်အလှန် တည်မှီနေသည့်ကွင်းဆက်များဖြစ်သည်။ ထိုသို့ ကွင်းဆက်များရှိနေသည့်စနစ်ကို ဂေဟစနစ်ဟုခေါ်သည်။ သို့သော် လူသားတို့သည် သဘာဝတရား၏ ဆက်စပ်ဖြစ်တည်မှုဂေဟစနစ်ကို အလေးမထားဘဲ ကမ္ဘာ့လေထု၊ မြေထု၊ ရေထုတို့ကို အလွန်အကျွံ အသုံးချမှုများကြောင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာရသည်။ ထိုယိုယွင်းပျက်စီးမှုများကို အချိန်မီ ထိန်းသိမ်းပြုပြင်မှုမလုပ်ခဲ့လျှင် ဂေဟစနစ်များ ပိုမိုပျက်ယွင်းကာ သဘာဝဘေးအန္တရာယ်များ အမျိုးမျိုးဖြစ်ပေါ်လာပြီး လူသားတို့၏ ရှင်သန်နေထိုင်မှုကို ဒုက္ခပေးလာမည်ဖြစ်သည်။

လူသားတို့သည် မိမိတို့ရှင်သန်ရပ်တည်ရေးအတွက် အဘက်ဘက်မှ ဖြည့်ဆည်းပေးနေသော သဘာဝပတ်ဝန်းကျင်တန်ဖိုးကို သိနားလည်မှုမရှိဘဲ အရိပ်နေနေ အခက်ချိုးချိုးလုပ်ကြသည်။ လူသားတို့၏ ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးပြီး မယုံကြည်နိုင်လောက်အောင် အဘက်ဘက်မှဆုတ်ယုတ်လာသည်။ တစ်နေ့တခြား တိုးပွားလာသော ကမ္ဘာ့လူသားများက မိမိတို့နေရာထိုင်ခင်းအတွက် သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်းကြသည်။ သစ်များအလွန်အကျွံ ထုတ်လုပ်ကြသည်။ လောင်စာအတွက် အသုံးပြုကြသည်။ ထိုအခါ ကမ္ဘာမြေကို ထီးကဲ့သို့အုပ်မိုးပေးထားသော သစ်တောသစ်ပင်များ လုံးပါးပါးလာပြီး စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်သည် ကန္တာရလွင်တီးခေါင်ဖြစ်လာရသည်။

သစ်ပင်တို့သည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကိုစုပ်ယူပြီး လူတို့အတွက် အကျိုးပြုသည့် အောက်စီဂျင်ဓာတ်ကို ပြန်ထုတ်ပေးသည်။ သစ်ပင်များ လျော့ပါးလာခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူနိုင်မှုအားနည်းလာသည်။ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များပြားလာသည့်အခါ ကမ္ဘာ့အပူချိန်ပို၍တိုးလာရသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့သည် နေမှလာသောအနီအောက်ရောင်ခြည်များကို စုပ်ယူကာပြန်မလွှတ်ဘဲ စုဆောင်းထားသည်။ ထိုအခါ အနီအောက်ရောင်ခြည်ကြောင့် လေထုအပူချိန်ကို မြင့်မားလာစေပြီး ကမ္ဘာမြေ၏ ဝင်ရိုးစွန်းဒေသမှ ရေခဲတောင်များ အရည်ပျော်လာရသည်။ ထို့ကြောင့် ပင်လယ်ကမ်းစပ်ကုန်းမြေများ ရေလွှမ်းမိုးခံရခြင်း၊ ရေခဲဒေသ ကျေးငှက်တိရစ္ဆာန်တို့ သေကျေပျက်စီးခြင်းတို့ဖြစ်လာသည်။ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်နှုန်း မြင့်မားလေလေ ပူပြင်းလေလေဖြစ်သည်။ သောကြာဂြိုဟ်တွင် ကာဗွန်ဒိုင် အောက်ဆိုဒ်ပါဝင်မှု ၉၀ ရာခိုင်နှုန်းကျော်ရှိ၍ အပူချိန် ၇၀၀ ဒီဂရီစင်တီဂရိတ်ဝန်းကျင်ထိ မြင့်မားကာ လောင်ကျွမ်းလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်လျော့နည်းမှသာ အပူရှိန်နည်းပြီး လူသားတို့အသက်ရှူရာတွင် သန့်စင်သော အောက်ဆီဂျင်ကိုလည်းရရှိမည်။ ရာသီဥတုပူပြင်းမှု လျော့နည်းပြီး မိုးခေါင်မှုဘေးမှ ကင်းဝေးမည်။

အကယ်၍သာ ကာဗွန်ဒိုင်အောက်ဆိုဒ်များပြားလာမှုကို မထိန်းချုပ်နိုင်လျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် အပူချိန်အလွန်မြင့်မားလာပြီး တစ်နေ့နေ့တစ်ချိန်ချိန်တွင် မီးလောင်နိုင်ပေသည်။ ထိုအခါ အပူရှိန်ပြင်းထန်မှုကြောင့် ရေခဲတောင်များ အရည် ပျော်ပြီးကျွန်းစုများနှင့် ပင်လယ်ကမ်းစပ်မြို့များသည် ရေအောက်သို့ နစ်မြုပ်သွားနိုင်မည်။ စက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သော တန်ချိန်သန်းပေါင်းထောင်ချီသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုထဲတွင် များပြားလာသဖြင့် ကမ္ဘာကြီးပူနွေးပြီး ရာသီဥတုဖောက်ပြန်၍ အပူလှိုင်း၊ အအေးလှိုင်းတို့ဖြတ်သန်းခြင်း၊ မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ကာ အသက်အိုးအိမ်များစွာကို ဝါးမျိုဖျက်ဆီးပစ်နိုင်သည်။ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းကြောင့် လူ့အသက်တစ်သိန်းကျော်နှင့် အိုးအိမ်စည်းစိမ်ဥစ္စာများဆုံးရှုံးခဲ့ရသည်က သက်သေဖြစ်သည်။ ထို့ကြောင့် ကမ္ဘာကြီး၏ နာမကျန်းဖြစ်လာသော သဘာဝပတ်ဝန်းကျင်ကို ကုစားရန်သည် လူသားတို့၏ တာဝန်မှတစ်ပါး အခြားမရှိတော့ပေ။

ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ကို ကုစားပြုပြင်ရန် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လျှော့ချပေးရမည်ဖြစ်သည်။ ထိုသို့ လျှော့ချရန် ရေနံ၊ ကျောက်မီးသွေး၊ ရုပ်ကြွင်းလောင်စာများအစား နေရောင်ခြည်စွမ်းအင်နှင့် ဇီဝလောင်စာများအစားထိုးရမည်။ သစ်တောများသည် ကမ္ဘာ့လေထု၏ ၈၀ ရာခိုင်နှုန်းကို စုပ်ယူလျှော့ချပေးနိုင်သဖြင့် သစ်ပင်များကို အင်တိုက်အားတိုက်တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်ပင်များ ရှင်သန်အောင် ဂရုစိုက်ခြင်း၊ သစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ပြုလုပ်ရမည်ဖြစ်သည်။ လူတစ်ဦးချင်းအနေဖြင့်လည်း ထိုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ ဥပမာ- လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ လျှပ်စစ်ဓာတ်အားချွေတာခြင်း၊ တစ်နိုင်တစ်ပိုင်သစ်ပင်များ စိုက်ပျိုးခြင်း စသည့်ဆောင်ရွက်ချက်များဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိုသို့ပြုလုပ်ထိန်းသိမ်းကြရန် ဆရာ ဇော်ဂျီက "ပုပ္ပါးမောင် တောင်ကတုံး၊ သျှောင်ထုံးစို့ကွယ်တို့ရယ်" ဟု ကဗျာဖြင့် နှိုးဆော်ခဲ့သကဲ့သို့ စာဆိုဘုတလင်ချစ်လေးကလည်း "သည်ချောင်းအရေး၊ အသက်ပေး၍၊ တို့နှေးမဆာ၊ ဖြေရှင်းရမည်" ဟု ကဗျာခေါင်းလောင်းထိုး၍ နှိုးဆော်ခဲ့သည်။

လူတို့သည် အခန်းများတွင် လေအေးပေးစက်များကို တပ်ဆင်ကြသည်။ အဖျော်ယမကာနှင့် အချိုရည် စသည်တို့ကိုအေးအေးမြမြသောက်သုံးနိုင်ရန် ရေခဲသေတ္တာကို သုံးစွဲကြသည်။ မိမိ၏ ကိုယ်ခန္ဓာရနံ့သင်းပျံ့စေရန် ရေမွှေးများထုတ်လုပ်ကာ အသုံးပြုကြသည်။ ၎င်းလုပ်ရပ်တို့၏ ဘေးထွက်ဆိုးကျိုးကား လေထုထဲသို့ ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့များထွက်လာခြင်းပင်ဖြစ်သည်။

ထိုဓာတ်ငွေ့သည် ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်ပေးသော အိုဇုန်းလွှာကို တိုက်စားပြီး တဖြည်းဖြည်းပါးလွှာကာ အပေါက်ဖြစ်လာစေသည်။ ခရမ်းလွန်ရောင်ခြည်သည် ထိုအိုဇုန်းလွှာအပေါက်မှ ဖြတ်သန်း၍ ကမ္ဘာမြေပြင်ပေါ်သို့ကျရောက်သည့်အခါ လူသားတို့အရေပြားနှင့် ထိတွေ့ပြီး အရေပြားကင်ဆာရောဂါဖြစ်စေသည်။ ထို့ကြောင့် နေမှလာသော ခရမ်းလွန်ရောင်ခြည်ကို လူသားတို့နှင့် မထိတွေ့စေရန် ကြားခံတံတိုင်းကြီးသဖွယ် ကာကွယ်ပေးနေသော အိုဇုန်းလွှာမပျက်စီးရေးအတွက် ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့ လျှော့ချရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေ တိုးပွားမှုနှင့်အတူ စားရေရိက္ခာထုတ်လုပ်ရေးကလည်း အရေးပါလာသည်။ သီးနှံများကို သမားရိုးကျနည်းဖြင့် အချိန်ကုန်ခံမစိုက်ပျိုးတော့ဘဲ အချိန်တိုကာလအတွင်း သီးနှံအထွက်တိုးရေးနည်းလမ်းများကို ရှာဖွေလာကြသည်။ သီးနှံအထွက်တိုးရန် ဓာတ်မြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများကို များစွာအသုံးပြုလာကြသည်။ စိုက်ပျိုးရေးတွင် အသုံးပြုလိုက်သော နိုက်ထရိုဂျင် ဓာတ်မြေဩဇာများသည် သဘာဝမြေကြီး၏ မီသိန်းဓာတ်ငွေ့စုပ်ယူနိုင်သောစွမ်းအားကို ထိန်းချုပ်တားဆီးထားလေသည်။ ထိုအခါ လေထုထဲတွင် မီသိန်းဓာတ်ငွေ့များ စုဝေးလာကာ ကမ္ဘာကြီး၏ အပူချိန်ကို မြင့်မားလာစေပြန်သည်။

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာများကို ဖြေရှင်းရာတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်နိုင်ချင်းဖြေရှင်း၍ မအောင်မြင်နိုင်ပေ။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့်ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်များကို ကျင်းပခဲ့ခြင်းဖြစ်သည်။

လူသားများအနေဖြင့် သယံဇာတအရင်းအမြစ်များကို အချိန်အခါမရွေး ရရှိနေမည်မဟုတ်သောကြောင့် သဘာဝအရင်းအမြစ်များကို ရေရှည်သုံးနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတကာအဆင့်အသီးသီးမှ စဉ်ဆက်မပြတ်အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။ သစ်တောများ၊ သမုဒ္ဒရာများ၊ ရေချိုနှင့် သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့အောင် လူသားအားလုံးဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်နှင့် နိုးကြားစွာပါဝင်ဆောင်ရွက်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ရေ၊ မြေ၊ တောတောင် စိမ်းလန်းစိုပြည်သာယာရေး နိုင်ငံတော်က သစ်တောသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးပြုစုကာကွယ်ထိန်းသိမ်းလျက်ရှိရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ ကြိုးဝိုင်းသစ်တောများ၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေဧရိယာများကို တိုးမြှင့်သတ်မှတ်ပေးလျက်ရှိသည်။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းများ၊ သဘာဝနယ်မြေနှင့် ဘေးမဲ့တောထူထောင်ခြင်းများကို ဖော်ဆောင်လျက်ရှိသည်။

ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကော်မရှင်က ၁၉၈၇ ခုနှစ်တွင် "ကျွန်ုပ်တို့၏ဘုံအနာဂတ်" ဟူသော စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ထိုစာတမ်းတွင် "ဖွံ့ဖြိုးတိုးတက်မှုပုံသဏ္ဌာန်အမျိုးမျိုးသည် ပတ်ဝန်းကျင်အရင်းအမြစ်ပေါ်တွင် အခြေခံပေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့သည် ပတ်ဝန်းကျင်အရင်းအမြစ်များကို ထိပါးပျက်စီးစေသည်" ဟု ဖော်ပြထားသည်။ သဘာဝကမ္ဘာမြေကြီးပျက်စီးရခြင်းမှာ လူတို့၏ စီးပွားရေးနှင့် လူမှုရေးမညီမျှတို့၏ အကျိုးဆက်ဟုဆိုပါသည်။ လူသားတို့၏ မဥပေက္ခာပြုမှု၊ အမြော်အမြင်ကင်းမဲ့မှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကြီး ထိခိုက်ပျက်စီးရခြင်းဖြစ်ပေရာ မိမိတို့၏ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။


**ကိုးကား**

- ဝန်းကျင်ကမ္ဘာ ထိန်းသိမ်းပါ (ဦးရဲဝေ-မြန်မာစာ)
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (ဒေါက်တာဇော်လွင်)

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၇၁၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၇၁၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၇၂၀၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၇၁၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ကေလျှင် ၂၅ ဒသမ ၃၅ တင်းထွက်ရှိကြောင်း သိရသည်။

"မြင်းမူမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၁၇၂၀၅ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ အခု လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ကေ ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ် "ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့် တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့် အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်၍ နေကြာကိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျေးသီးမြို့နယ် ပန်ထွန်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျေးသီး ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ထွန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ နွေရာသီရေရှားပါးသည့်ပြဿနာများ ပြေလည်ပြီးသန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ပန်ထွန်းကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည် ၂ မိုင် ၄ ဖာလုံရှိစိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေမီတာတပ်ဆင်ထားရှိရန်နှင့် ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမည့်အစီအစဉ်များကို ပြုလုပ်ထားကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာ၌ အရှည် ၂ မိုင် ၄ ဖာလုံရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၁၈၆ သန်း အသုံးပြုကာ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအာလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**












# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111''ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




"အဂတိပပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ ရည်ရွယ်ချက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေး၊ ရသင့်ရထိုက်သော တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ဒီမိုကရေစီအရေးအတွက်ပဲဖြစ်ပါတယ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့်လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

စာမျက်နှာ - ၁၆





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေး၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းများသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် **စာမျက်နှာ ၁၈ ကော်လံ ၁** ☆


**ကေတုမတီမြို့သစ်ရှိ သီတဂူ ကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များကို အလှူငွေပေးအပ်**

စာမျက်နှာ - ၂၀

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

